http://www.dhammadownload.com



# ပုညာရာမဆရာတော် အရှင်ပုညာနန္ဒ၏ ထေရုပ္ပတ္တိအကျဉ်းချုပ်

ပုညာရာမဆရာတော် အရှင်ပုညာနန္ဒအလောင်းလျာကို ပဲခူးတိုင်း၊ ကဝမြို့နယ်၊ ရှမ်းကန်ကျေးရွာ၌ ခမည်းတော် ဦးဘိုးလှ၊ မယ်တော် ဒေါ်ခင်စီတို့က ကောဇာသက္ကရာဇ် ၁၃၂၁-ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၁) ရက်၊ ၁၇-၉-၁၉၅၉ ခုနှစ်၊ ကြာသပတေးနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့ပါသည်။ ငယ်နာမည်မှာ မောင်မြင့်ဇော် ဖြစ်၍ မောင်နှမ (၇) ယောက်တို့တွင် သားဦးရတနာဖြစ်ပါသည်။

အရှင်ပုညာနန္ဒ အလောင်းလျာသည် ခေတ်ပညာကို ရှမ်းကန်ကျေးရွာ၌လည်းကောင်း၊ ကဝမြို့နယ်၊ မကြက်ကြီးကျေးရွာ၌လည်းကောင်း၊ ရန်ကုန်မြို့ တာမွေ အမှတ် (၁)အထက်တန်းကျောင်း၌လည်းကောင်း အသီးသီး ဆည်းပူးသင်ယူ အောင်မြင်ခဲ့၍ တပ်မတော် (လေ) ၌ ၁၂-နှစ်ကြာမျှ တာဝန်ထမ်းဆောင်ခဲ့ပြီး လုပ်သားကောလိပ်၌ တတိယနှစ်အထိ ပညာသင်ယူခဲ့ပါသည်။

ဆရာတော် အလောင်းလျာသည် ကျေးဖူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ အသံတော်တရားများ အမှတ် (၁) စာအုပ်ကို ဖတ်ရှုရာမှ သံဝေဂ ရရှိမှု၊ ကျေးဇူးတော်ရှင် ရွှေဥမင်ဆရာတော်ဘုရားကြီး၏ အဆုံးအမ၊ ကျေးဇူးရှင် ဇနိတာရာမဆရာတော်ဘုရား၏ လမ်းညွှန်မှုများဖြင့် ၁၃၅၃-ခုနှစ်၊ ကဆုန်လပြည့် စနေနေ့ (၂၇-၄-၁၉၉၁) ရက်နေ့ နံနက် (၈း၄၅) နာရီ အချိန်တွင် ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ဇနိတာရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဇနိတာလင်္ကာရအား ဥပဇ္ဈာယ်ပြုလျက် ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ပရိယတ္တိ၊ ပဋိပတ္တိ အလုပ်များကို ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ဇနိတာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက် ဆရာတော်ထံ၌လည်းကောင်း၊ ရွှေဥမင်တောရ ဆရာတော်ဘုရားကြီးထံ၌လည်းကောင်း၊ တောင်စွန်း ဓမ္မဒူတဆရာတော် ဘဒ္ဒန္တပညာဇောတ (အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ဝိသိဋ္ဌဒီဃ ဘာဏကနှင့် သီရိပဝရဓမ္မာစရိယ)၊ မုဒုံမြို့ ကျောက်တစ်လုံးတောရဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ (ပဉ္စနိကာယပိဋကတ္တယပါဠိပါရဂူ)၊ တောင်စွန်းဓမ္မဒူတ တောရကျောင်း ဘဒ္ဒန္တပညိဿရ (ဓမ္မာစရိယ)၊ မော်ဘီ ဓမ္မဒူတဇေတဝန်တောရ ဘဒ္ဒန္တဆေကိန္ဒ (ဓမ္မာစရိယ) တို့ထံ၌ ပါဠိစာပေကျမ်းဂန်များကို သင်ယူဆည်းပူးခဲ့ပါသည်။

ဆရာတော်သည် ဝိပဿနာတရားစခန်းများကို ဒေသအသီးသီးနှင့် ပြည်တွင်း ပြည်ပနိုင်ငံများသို့ လှည့်လည်ဟောပြော ပြသနေစဉ် (၂၂.၁၀.၂၀၀၉) ရက်နေ့တွင် အိန္ဒိယနိုင်ငံ၊ ပတ္တနားမြို့၌ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပြီ ဖြစ်ပါသည်။

ဆရာတော် ပျံလွန်တော်မူပြီးသည့်နောက်ပိုင်း ဆရာတော်၏ သာသနာပြု လုပ်ငန်းများကို ခမည်းတော် ဘဒ္ဒန္တဝိစာရနှင့် တပည့်ယောဂီအပေါင်းတို့မှ ဆက်လက် တာဝန်ယူဆောင်ရွက်နေပြီး လစဉ် (၁၀) ရက် တရားစခန်းနှင့် ဝါတွင်း ရက်(၁၀၀) တရားစခန်းများကိုလည်း ပုံမှန် ဖွင့်လှစ်လျက်ရှိပါသည်။

http://www.dhammadownload.com

ပု ညာ ရာ မ မိုး ကုတ် ဝိ ပ ဿ နာ ကျောင်း တိုက်
ပ ဓာ န နာ ယ က ဆ ရာ တော်

# အရှင်ပုညာနန္ဒ

( ဗ ဟု ဇ န ဟိ တ စ ရ )

## အားထုတ် မထုတ် ထူးခြားချက်



http://www.dhammadownload.com

## ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်

## ပဓာန နာယကဆရာတော်



http://www.dhammadownload.com

# ဆရာတော်အရှင်ပုညာနန္ဒ၏ သာသနာပြုလုပ်ငန်းများကို

# ခမည်းတော် ဘဒ္ဒန္တဝိစာရ

# မှ

# ဆက်လက်ဆောင်ရွက်

ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်၏ ဦးစီးပဓာန နာယက၊ ပြည်တွင်းပြည်ပ နယ်လှည့်သာသနာပြု ဓမ္မကထိက၊ ဗဟုဇနဟိတရေ ဆရာတော် အရှင်ပုညာနန္ဒ ဟောကြားတော်မူသော တရားတော်များစာအုပ်, တိပ်, CD, VCD, DVD များအား သာကေတမြို့နယ်၊ ( ၉ ) ရပ်ကွက်၊ နဝရတ်လမ်း၊ ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်တွင် ဝယ်ယူရရှိနိုင်ပါသည်။

လစဉ် အင်္ဂလိပ်လဆန်း (၁၃) ရက်နေ့တိုင်း (၁၀) ရက် တရားစခန်းများကိုလည်း ပုံမှန် ဖွင့်လှစ်ပြီး မိုးကုတ်ဆရာတော်ဘုရားကြီး၏ဥပနိဿယခံ ဓမ္မကထိကများမှ အလှည့်ကျ ဟောပြောပြသမည်ဖြစ်ရာ၊ ဆရာတော် ပျံလွန်တော်မူပြီးသည့်နောက်ပိုင်း ဆရာတော် ဆောင်ရွက်တော်မူခဲ့သော သာသနာပြုလုပ်ငန်းများကို ခမည်းတော် ဘဒ္ဒန္တဝိစာရ နှင့် တပည့်သာဝကများမှ ဆက်လက်တာဝန်ယူ ဆောင်ရွက်နေပါသည်။

## ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်

နဝရတ်လမ်း၊ ( ၉ ) ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။

☎ - ၅၅၃၃၃၀၊ ၅၅၁၁၇၂

http://www.dhammadownload.com

K-300 1296028

# အရှင်ပညာနန္ဒ

(ဗဟုဇနဟိတဓရ)

# အားထုတ်မထုတ် ထူးခြားချက်

## တရားတော်

[illegible]

[illegible]

[illegible]

http://www.dhammadownload.com

http://www.dhammadownload.com

## " နမောပြန်ဘုရားရှိခိုး "

## ( နမောတဿ ယတော မဟိမတော ယဿ တမောန )[၁]

ယတောမဟိမတော - အကြင်ဒါနပါရမီ သီလပါရမီ နိက္ခမပါရမီ ပညာ ပါရမီ ဝီရိယပါရမီ ခန္တီပါရမီ သစ္စာပါရမီ အဓိဋ္ဌာနပါရမီ မေတ္တာ ပါရမီဥပေက္ခာ ပါရမီတည်းဟူသော ပါရမီဆယ်ပါး အပြားသုံးဆယ် များကျယ် အညီ ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူခဲ့သော တန်ခိုး သိဒ္ဓိအစွမ်းကြောင့် (ဝါ) ဥစ္စာပစ္စည်းကိုစွန့်ခြင်း သမီးသားကိုစွန့်ခြင်း ဇနီးမယားကိုစွန့်ခြင်း အင်္ဂါကြီးငယ်ကိုစွန့်ခြင်း အသက်ကိုစွန့်ခြင်းတည်းဟူသော စွန့်ခြင်းကြီး ငါးပါးကို စွန့်ခြင်းတည်းဟူသော တန်ခိုးသိဒ္ဓိအစွမ်းကြောင့် (ဝါ) သတ္တဝါ အပေါင်း၏အကျိုးငှာ ဖြည့်ကျင့်တော်မူခြင်း ဆွေမျိုးအပေါင်း၏ အကျိုးငှာ ဖြည့်ကျင့်တော်မူခြင်း ဘုရားအဖြစ်၏အကျိုးငှာ ဖြည့်ကျင့်တော်မူခြင်းတည်း ဟူသော စရိယသုံးပါးကို ဖြည့်ကျင့်တော်မူခဲ့သော တန်ခိုးသိဒ္ဓိအစွမ်းကြောင့် (ဝါ) ဒေဝပုတ္တမာရ် ကိလေသမာရ် ခန္ဓမာရ် မစ္စုမာရ် အဘိသင်္ခါရမာရ်တည်း ဟူသော မာရ်ငါးပါးကို အောင်မြင်တော်မူခဲ့သော တန်ခိုးသိဒ္ဓိအစွမ်းကြောင့် (ဝါ) သုံးပါးဝိဇ္ဇာ ပု-ဒိ-အာနှင့် ဝိမာက္ကစ္စေ ဒိဌ်ထည့်လေပြား ရှစ်ပါးဝိဇ္ဇာတို့ကို သိမြင်တော်မူခဲ့သော တန်ခိုးသိဒ္ဓိအစွမ်းကြောင့် (ဝါ) မဟာပဓာန ဒုက္ကရ စရိယာကို ခန္ဓာတော်နွမ်း ပင်ပန်းကြီးစွာ ခြောက်နှစ်ကြာအောင် ကျင့်စွမ်း တော်မူခဲ့သော တန်ခိုးသိဒ္ဓိအစွမ်းကြောင့်။

ယဿဗုဒ္ဓဿ - တန်ခိုးရှင်သိဒ္ဓိရှင် အကြင်သစ္စာလေးပါး တရား သိမြင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ သန္တာန်တော်၌။

http://www.dhammadownload.com



တမော - အဝိဇ္ဇာလျှင် အရင်းမူလရှိသော တစ်ထောင့်ငါးရာ ကိလေသာတည်းဟူသော အမိုက်မှောင်သည်။

န - မကျန်မကြွင်း ပျက်ခြင်းမလှ ပျက်စီးရသဖြင့် အလျှဉ်းမျှပင် ရှိတော်မမူတော့ချေ။

တဿ ဗုဒ္ဓဿ - တန်ခိုးရှင်သိဒ္ဓိရှင် အဝိဇ္ဇာလျှင် အရင်းမူလရှိသော တစ်ထောင့်ငါးရာ ကိလေသာတည်းဟူသော အမိုက်မှောင်ကင်းစင် ထိုသစ္စာလေးပါးတရားသိမြင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား။

မေ - သူတော် သူမြတ် လူနှင့်နတ်တို့ ကျေနပ်ရန်မျှော် ဘုရားတပည့်တော်သည်၊

နမော - မင်္ဂလာစရဏ လက်ဦးစ၍ ကြည်စွကော်ရော် ပူဇော်မြတ်နိုး လက်စုံမိုး၍ ရှိခိုးခြင်းသည်။

အတ္ထု - နေ့ညမစဲ အမြဲမကွာ မှန်စွာမသွေ ဖြစ်ပါပေ၏။

ဣမိနာ ဗုဒ္ဓ ပဏာမေန - ဤသို့ ဘုရားရှင်အား ရှိခိုးကြောင်းဖြစ်သော ပဏာမကုသိုလ်စေတနာကြောင့်။

မေ - မအောင်သေးခင် အောင်ကြွေးတင်၍ အောင်မြင်ရန်မျှော် ဘုရားတပည့်တော်၏။

ဝေါတုမှာကံ - မအောင်သေးခင် အောင်ကြွေးတင်၍ အောင်မြင်ရန်မျှော် အသင်သူတော်စင် တရားနာပရိသတ်အပေါင်းတို့၏။

ယထိစ္ဆိတတ္ထော - အကြင်အကြင် အလိုရှိအပ် တောင့်တအပ်သည့် ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာ အထွေထွေသည်။

ယထာဓိပ္ပာယံ - အကြင်အကြင် အလိုရှိအပ် တောင့်တအပ်သည့် အတိုင်း။

သမိဇ္ဈတု - ထင်စွာမျက်မှောက် ဝင်လာရောက်၍ ဖြိုးမောက်လျှံညီး အံ့လောက်ချီးရအောင် ပြီးပြည့်စုံပါစေသတည်း။

( သာဓု . . . သာဓု . . . သာဓု )

http://www.dhammadownload.com

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# အားထုတ်မထုတ် ထူးခြားချက်
# တရားတော်

သာသနာတော်နှစ် ၂၅၅၃ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၁ ခု သီတင်းကျွတ်လပြည့်ကျော်(၅) ရက်၊ ၂၀၀၉ ခုနှစ် အောက်တိုဘာလ (၈)ရက်၊ ရန်ကုန်တိုင်း၊ သာကေတမြို့နယ် (၉) ရပ်ကွက်၊ နဝရတ်လမ်း၊ ပုညာရာမ မိုးကုတ်ဝိပဿနာ ကျောင်းတိုက်ကြီးအတွင်းမှာ ဆင်ယင်ကျင်းပပြုလုပ်သော သတ္တမအကြိမ်မြောက် မိုးကုတ်ဝိပဿနာရက်ရှည် ရက် (၁၀၀) အထူးစခန်းမှာ ယနေ့ ရက် (၁၀၀) လွန်မြောက် (၁၀၁) ရက်ရောက်တဲ့နေ့ စခန်းလည်းသိမ်း မိမိတို့ရဲ့ ကြိုးစားမှုရဲ့စွမ်းအားတွေ၊ အားထုတ်တဲ့ပုဂ္ဂိုလ်၊ အားမထုတ်တဲ့ပုဂ္ဂိုလ် နှိုင်းယှဉ်ပြီးတော့မှ ကိုယ်အားထုတ်မှုအပိုင်းလေးမှာ အားရကြည်နူး ဝမ်းမြောက်ပြီးတော့မှ အမြဲမပြတ် အာစိဏ္ဏကံအတွက်ကို သဒ္ဓါတွေထက်ဖို့ ဟောကြားပေးမယ့် တရားက "အားထုတ်မထုတ်ထူးခြားချက်" တရားတော်။

ယနေ့ မိမိတို့ရဲ့ ရက်(၁၀၀)ပြည့်မြောက်လို့ (၁၀၁)ရက်ကို ကိုယ်ကြိုးစားခဲ့တဲ့ တရားတွေအပေါ်မှာ သာသနာတွင်းနဲ့ဆုံပြီးတော့

http://www.dhammadownload.com



အားထုတ်တဲ့ပုဂ္ဂိုလ် အားမထုတ်ဘဲနဲ့ မေ့မေ့လျော့လျော့နေတဲ့ပုဂ္ဂိုလ် ဘယ်လိုထူးခြားတယ်ဆိုတာလေးတွေ သိပြီးတော့မှ ကိုယ့်ရဲ့အားရစရာ ကောင်းတဲ့ အသိတရားတွေပေါ်မှာ အနည်းငယ်လေးမှ အလျော့မခံဘဲ အားသွန်ခွန်စိုက် ကြိုးစားနိုင်အောင် ဒီတရားတော်ကို မဟောမီ မနာမီ မိမိတို့နဲ့ ရက်(၁၀၀) တိုင်တိုင် တရားတွေကို ကြိုးစားကျင့်ကြံ၊ လှူကြ တန်းကြ ကောင်းမှုကုသိုလ်မျိုးစုံကို ပြုထားကြတော့ ဒီကုသိုလ်ပွဲမှာ ကိုယ်နဲ့အတူ လာရောက်ပြီးတော့ ပြီးဆုံးအောင်မြင်တဲ့တရားပွဲရဲ့ တရားကိုလည်း လာရောက်ပြီး အတူနာနိုင်အောင် ပေးဝေသမျှ အမျှတွေ ကိုလည်း အတူသာဓုခေါ်ဆိုနိုင်အောင် ရှေ့ပိုင်းကနေပြီးတော့ ဖိတ်ကြား သင့် ဖိတ်ကြားထိုက်တဲ့ပုဂ္ဂိုလ်တွေအားလုံး ဖိတ်ကြားပြီးမှပဲ ဘုရားကိုရှိခိုး လို့ တရားကို ဟောမှာ နာမှာဖြစ်တဲ့အတွက် အာရုံတစ်ပါးစိတ်မသွားဘဲ လေးလေးစားစား အာရုံပြုထားကြပါ။

ဖိတ်ကြားသင့် ဖိတ်ကြားထိုက်တဲ့ပုဂ္ဂိုလ်တွေကို ဖိတ်ကြားပြီးတဲ့ နောက် တရားကို မဟောမီ မနာမီ မူလတရားပိုင်ရှင်ဖြစ်တဲ့ မြတ်စွာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို နမောပြန်ဘုရားရှိခိုးနဲ့ ရှိခိုးကြည်ညိုပါ့ မယ်၊ လေးလေးစားစား လက်အုပ်ချီမိုးလို့ အာရုံပြုထားပါ။

× × × × ×

( သာဓု . . . သာဓု . . . သာဓု )

'ဒီတရားပွဲရဲ့အဆုံးမှာ ရက်(၁၀၀) လုံးလုံး လှူဒါန်းခဲ့ကြတဲ့ အရုဏ်ဆွမ်း အလှူရှင်တွေ၊ နေ့ဆွမ်းအလှူရှင်တွေ၊ ညနေဖျော်ရည် အလှူရှင်တွေ၊ ရေသန့်အလှူရှင်တွေ၊ ရေကားအလှူရှင်တွေ၊ ယောဂီ ဆောင်အလှူရှင်တွေ၊ ဝေယျာဝစ္စအလှူရှင်တွေ၊ ရေမီးအလှူရှင်တွေ၊ မိုးပျံတံတားအလှူရှင်တွေ၊ ယောဂီဆောင်ရဲ့ အမိုးအလှူရှင်တွေ၊

http://www.dhammadownload.com



စတီးအလံတိုင်အလှူရှင်တွေ၊ စာရေးတံ အလှူရှင်တွေ၊ ဆွမ်းဆန်လှူတဲ့ ပုဂ္ဂိုလ်တွေ၊ ကြက်သွန်၊ ဆီ၊ လက်ဖက်ခြောက်၊ ပုံတော်တွေ အစရှိသဖြင့် အသီးသီးပံ့ပိုးပြီး လှူခဲ့ကြတဲ့အလှူရှင်တွေရဲ့ ကောင်းမှုကုသိုလ် အသီးသီး တွေကိုလည်းပဲ ဒီတရားပွဲရဲ့အဆုံးမှာပဲ အားလုံးကို စုပေါင်းပြီးတော့ ရေစက်ချအမျှဝေမှာ ဖြစ်ပါတယ်၊ ယနေ့ မိမိတို့ရက်(၁၀၀) တိုင်တိုင်မှာ ကြိုးစားပြီးတော့ ကျင့်ကြံခဲ့ကြတဲ့ အားထုတ်ခဲ့ကြတဲ့ သူတော်စင်များ ကိုယ် ယနေ့အားထုတ်တဲ့အပိုင်းဟာ အားထုတ်တဲ့ပုဂ္ဂိုလ်တွေနဲ့ နှိုင်းယှဉ်လို့ မရအောင်ကို ထူးခြားမှုလေးတွေသိပြီးတော့ ကိုယ်သိထားတဲ့တရား လေးတွေပေါ်မှာ ဆုတ်နစ်တဲ့စိတ်တွေ၊ သိမ်ငယ်တဲ့စိတ်တွေမဖြစ်စေဘဲနဲ့ ဆင့်ကဲဆင့်ကဲကြိုးစားပြီးတော့ တိုးပွားအောင်သာ အားထုတ်နိုင်အောင်၊ အားထုတ်သူနဲ့ မထုတ်သူရဲ့ ထူးခြားချက်လေး ဘယ်လိုရှိတယ်ဆိုတဲ့ ဒီတရားကို ပုံဖော်မဟောမီ ယနေ့ ကောင်းမှုကုသိုလ်တွေကို ပြုကြတဲ့ ပုဂ္ဂိုလ်တွေကို အမြတ်ဆုံးအနေနဲ့ ဖော်ကြူးပြီးတော့ ဟောတဲ့နေရာမှာ တစ်ချိန်က ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ကောသလမင်းကြီးက သူ့ရဲ့အားရစရာကောင်းတဲ့ အလှူကြီးကို လျှောက်ထားတော့ အေး. . . ငါဘုရားအမှူးရှိပြီးတော့ ငါဘုရားရဲ့ အဆုံးအမ တွေကိုရလို့၊ ငါ့ကို ဆည်းကပ်ကိုးကွယ်လို့ ဒီလိုမျိုးလှူခွင့်ရတဲ့အလှူကို အားရ ကြည်နူး ဝမ်းမြောက်တယ်ဆိုတာ မဆန်းပါဘူး'

'ရှေးပညာရှိတွေက လှူတတ်တာလေးကိုလည်း အာရုံပြုပြီးတော့ ကြည်ညိုနိုင်အောင်ဆိုပြီး ပုံဖော်ပေးတဲ့နေရာမှာလည်း အမြဲမပြတ် ရောရုဝမင်းအဖြစ်နဲ့ ရောက်ခဲ့စဉ်တုန်းက ကောင်းမှုကုသိုလ်တွေကို အလှူရေစက် လက်နဲ့မကွာ ကောင်းစွာလှူဒါန်းခဲ့တဲ့ ဒီမင်းကြီး၊ အလှူခံ ပုဂ္ဂိုလ်တွေ ညံ့ဖျင်းမှုကြောင့် စိတ်ပျက်လက်ပျက်ဖြစ်တဲ့အချိန်ခါမှာ

http://www.dhammadownload.com



ပညာရှိမိဖုရား သမုဒ္ဒဝိဇယက ရအောင်လို့ စွမ်းဆောင်လိုက်တဲ့အတွက် ကြောင့်မို့ ပစ္စေကဗုဒ္ဓါ(၇)ပါးကို လှူခွင့်ရတဲ့အကြောင်းရော မသိခဲ့ဘူးလား'

'သိခဲ့ပါတယ်ဘုရား'

'အဲဒီ (၇)ပါးထဲမှာ နောက်ဆုံးဖြစ်တဲ့ ပစ္စေကဗုဒ္ဓါက ဟောပေးတဲ့ နေရာမှာ ဒကာတော်မင်းကြီး ဒါန၊ သီလဟာ မြတ်ပါတယ်၊ ဒါပေမယ့် လမ်းမဆုံးသေးတဲ့အတွက်ကြောင့်မို့လို့ သံသရာလမ်းဆုံးချင်တယ်ဆိုရင်တော့ ဝိပဿနာကိုသာလျှင် ချီးမွမ်းကြပါတယ်၊ ရှေ့ရှေ့နောင်တော်နောင်တော်ဘုရားတွေဟာ ပရိနိဗ္ဗာန်စံဝင်သွားတာသည် ဝိပဿနာရဲ့ ကျေးဇူးပဲလို့ ဒါလေးကိုအဆုံးသတ် ဟောပေးတယ်နော်'

'မှန်လှပါဘုရား'

'တရားကတော့ ဘာမှမများဘူး၊ သူတို့တွေက သူတစ်ပါးကို မဂ်ဖိုလ်နိဗ္ဗာန်ဆိုက်အောင် ဘယ်တော့မှ မဟောနိုင်ဘူး၊ ခန္ဓာဉာဏ်ရောက် ဒိဋ္ဌိပြုတ်အောင်လည်း မဟောနိုင်ဘူး၊ သူတို့ကိုယ်သူတို့ သိအောင်တော့ ကြိုးစားနိုင်ပါတယ်၊ ပစ္စေကဗုဒ္ဓါတွေက အခုလည်း (၇) ပါးမြောက်ထဲက ဒီပစ္စေကဗုဒ္ဓါက ဟောသွားတဲ့နေရာမှာ ဒါန၊ သီလက မြတ်ပါတယ်၊ သံသရာကိုဆုံးလား မေးတော့ မဆုံးသေးဘူး၊ ယနေ့ မိမိတို့ဒါနကုသိုလ်တွေ ကောင်းစွာပြုတယ်၊ သံသရာမှာ မကျင်လည်ရဘူးလား'

'ကျင်လည်ရပါတယ်ဘုရား'

'မြတ်တဲ့နေရာမှာ ဒါနကုသိုလ်က အပါယ်လေးဘုံတော့ မကျဘူး၊ သုဂတိဘုံတွေမှာ ကောင်းစွာစံရသလို နိမ့်ကျတဲ့ဘဝရောက်လည်းပဲ ကောင်းစွာ စံရတဲ့ဘဝကို ပို့တာသည် တခြားလား၊ ဒါနလား'

'ဒါနပါဘုရား'

http://www.dhammadownload.com



'သီလကလည်း ထပ်ပြီးပံ့ပိုးလိုက်တဲ့အတွက်ကြောင့်မို့လို့ အသက်ရှည် အနာရောဂါကင်းလောက်အောင်ကို ဇိမ်ကျတဲ့ဘဝနဲ့ စံရတဲ့အဖြစ်တွေကို ကောင်းစွာရလို့ ရောက်ရာဌာန၊ ရောက်ရာဘုံဘဝတွေမှာ ဒါန၊ သီလသည် အားကိုးထိုက်တဲ့တရားမို့ မြတ်တယ်လို့တော့ သူကမဆိုခဲ့ဘူးလား'

'ဆိုခဲ့ပါတယ်ဘုရား'

'အဲဒီ ဒါန၊ သီလဆိုတဲ့ အမြတ်တရားလေးဟာ သံသရာကိုကျင်လည်ရတဲ့ ဘဝတစ်လျှောက် ငှက်တွေမှာအတောင်နဲ့တူတယ်နော်'

'မှန်လှပါဘုရား'

'လူတွေမှာတော့ ခြေထောက်နဲ့တူတယ်ပေါ့။ သွားလို့တော့ မရဘူးလား မေးရင်'

'ရပါတယ်ဘုရား'

'ဒါပေမယ့် သွားလို့ရပေမယ့် ရှေ့မှာဘာရှိတယ်၊ ဘာရှိတယ်ဆိုတာကိုတော့ အတောင်ပါရုံနဲ့ မမြင်ပါဘူး၊ ခြေထောက်ပါရုံလေးနဲ့ မသိနိုင်ပါဘူး၊ သိနိုင်ဖို့အတွက် မျက်လုံးပါမှ ရမယ်နော်'

'မှန်လှပါဘုရား'

'အဲတော့ မျက်လုံးပါဖို့က ဟောဒီရသမျှခန္ဓာတွေဟာ ဒုက္ခတွေချည်းပဲကွာ၊ အို နာ သေ မလွတ်တဲ့ ဒုက္ခတွေချည်းပဲ၊ အမြဲမပြတ်နှိပ်စက်ခံရတဲ့ ဒုက္ခတွေချည်းပဲ၊ ဒါနကုသိုလ်က ဘယ်လောက်အကျိုးပေးပေး၊ သီလကုသိုလ်ကလည်း ဘယ်လောက်အကျိုးပေးပေး၊ အဲဒီသံသရာတွေကနေပြီးတော့ ကျင်လည်ရတဲ့ဘဝတစ်လျှောက် ဒုက္ခတွေကကြုံဆုံပြီးတော့ ခံလိုက်ရတာက ဆုံးဖွယ်ရာမရှိဘူး၊ အဲဒီဒုက္ခတွေက

http://www.dhammadownload.com



လွတ်မြောက်ဖို့ဆိုရင် ဘုရားပွင့်မှ သိခွင့်ရတဲ့ ဝိပဿနာသာလျှင် ရှိပါလားလို့ ယနေ့သူတော်စင်တွေက တရားတွေကို နာလာ နာလာတော့ သတိထားနိုင်တဲ့အသိလေးတွေ ကိန်းတဲ့အခါမှာ ဪ. . ငါတို့ အတွက် သံသရာလွတ်အောင်တော့ အားမထုတ်လို့ မရဘူး၊ အားထုတ်ရမယ် ဆိုတဲ့ ဝိပဿနာအလုပ်ပေါ်မှာ အာရုံလေးပြုလို့ အလေးမထားလာ ဘူးလား'

'ထားလာပါတယ်ဘုရား'

'ဒါကလည်း တရားနာမှုနော်'

'မှန်လှပါဘုရား'

'အခုလည်းပဲ ရက်(၁၀၀) လုံးလုံးမှာ တို့တွေက ဪ. . . ဒီစခန်း ကို တို့တွေရောက်အောင် ကြိုးစားမယ်၊ တစ်ချို့လည်း ကြိုတင်ပြီးတော့ ပြင်ဆင်ရတယ်၊ ကိုယ့်ရဲ့ ဟောဒီရက်(၁၀၀) ကို အေးအေးချမ်းချမ်းနဲ့ အားထုတ်နိုင်အောင်လို့ စောစီးစွာလည်း ဖြည်းဆည်းသင့်တာတွေ ဖြည့်ဆည်း၊ လုပ်ကိုင်သင့်တာတွေ လုပ်ကိုင်ပြီး အားမယူခဲ့ရဘူးလား'

'ယူခဲ့ရပါတယ်ဘုရား'

'ဒီတရားတွေကို အားထုတ်ချင်လို့ပေါ့နော်'

'မှန်လှပါဘုရား'

'ဒါန၊ သီလလောက်နဲ့တော့ ငါတို့ ကျင်လည်နေရတဲ့ဘဝက ဆုံးဖွယ်ရာ မရှိဘူး၊ ဟိုကလည်း ပြောထားတယ် ဒါန သီလ မြတ်ပါတယ်၊ သံသရာမဆုံးသေးဘူး၊ သံသရာမဆုံးသေးရင် ခန္ဓာဒုက္ခ ပြန်မခံရဘူး လား'

'ခံရပါတယ်ဘုရား'

http://www.dhammadownload.com



'အေး. . ခန္ဓာဒုက္ခတွေခံရတဲ့အတွက် သံသရာဆုံးဖို့ဆိုတာ ဘာအလုပ် လုပ်ရမှာ'

'ဝိပဿနာအလုပ်လုပ်ရမှာပါဘုရား'

'ရှေးရှေးနောင်တော် ဘုရားဘုရားတွေအားလုံးလည်းပဲ နိဗ္ဗာန်ကို ရလေမလား ရောက်လေမလားဆိုပြီးတော့ အခု ရက်ရှည်လာပြီးတော့ အားထုတ်၊ အဲလိုအားထုတ်ကြတော့ တို့တွေမှာက ကြိုးစားပင်ကြိုးစား ငြားသော်လည်း ကိုယ်မှန်းသလောက်ကို မရတဲ့အတွက်ကြောင့်မို့လို့ ရက်(၁၀၀) တောင် ကုန်သွားပါပြီ၊ တို့တွေ ခုချိန်ထိကို ဖြစ်ဖြစ်မြောက် မြောက် မရသေးပါလားဆိုပြီးတော့ ပြန်ရမှာကိုပဲ ဝမ်းနည်းသလိုလို ကိုယ်မရတာကိုဘဲ အားငယ်သလိုလို၊ စိတ်မကောင်းဖြစ်သလိုလိုနဲ့ အဆုံးသတ်ပြီးနေမယ်ဆိုရင်တော့ ရှုံးတယ်နော်'

'မှန်လှပါဘုရား'

'အဲလိုမျိုး မဖြစ်ရအောင်လို့ ယနေ့သူတော်စင်များအတွက် အပြန် မှာ ဝမ်းမြောက်ဖွယ်ဆိုရင်လည်း ဒီတရားဟာ မှန်ပါတယ်၊ ကိုယ် အားထုတ်ခဲ့တဲ့အရာဟာ အလကားလုံးဝမဖြစ်ပါဘူး၊ ဘာကြောင့်လဲ မေးတော့ ဟောဒီသံသရာမှာ ကျင်လည်ရတဲ့ဘဝ မဆုံးနိုင်လောက် အောင် ပွံ့ပိုးနေတဲ့ ဒါန၊ သီလ မြတ်ပါတယ်၊ အတောင်နဲ့တူလို့ ပျံလို့ ရပါတယ်၊ ခြေထောက်နဲ့တူလို့ ရောက်ရာ ကို သွားနိုင်ဖို့ အခွင့်အရေး ရှိပါတယ်၊ အဲဒါသည် လောကမှာ ဖြည့်ဆည်းတဲ့ နေရာမှာ ဝိဇ္ဇာနဲ့စရဏမှာ စရဏလို့ မှတ်ထားနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ကဲ အခုတော့ လူ့ပြည်ဌာန လူ့လောကမှာ သာသနာတော်နဲ့ လာမဆုံဘူးလား'

'ဆုံပါတယ်ဘုရား'

'စရဏဆိုတဲ့တရားသည် သာသနာတော်နဲ့ ဆုံနိုင်တယ်လို့ကော ဟောမထားဘူးလား'

'ဟောထားပါတယ်ဘုရား'

'စရဏဆိုတဲ့တရားသည် သာသနာတော်မှာ လာရောက်ပြီး ဆုံနိုင်တယ်၊ လူဖြစ်တဲ့အခွင့်အရေးကို အဲဒီလို လူဖြစ်တဲ့အခွင့်အရေးကို ရနိုင်တဲ့အနေအထားကို ရောက်သော်လည်းပဲ ဝိဇ္ဇာမျိုးစေ့မရှိရင် ဒီတရားနာလို့ မရဘူး၊ ဒီတရားနာလို့မရသလို မနာတော့ဘူးကွာ ဆိုပြီး တော့လည်း ဒီအတိုင်း ပစ်ထားရင်လည်း ဆုံးရှုံးပြန်ရော'

'မှန်လှပါဘုရား'

'ယနေ့သူတော်စင်တွေ အဲဒီအချက်လေးကို မမေ့နဲ့နော်'

'မှန်လှပါဘုရား'

'ဒါန၊ သီလ ကိုယ့်သန္တာန်မှာရှိနေတယ်၊ အဲဒီရှိနေတဲ့ ကုသိုလ် အရေးပေါ်မှာ အားကောင်းလို့လည်း ယနေ့ သာသနာတော်မှာ လူ့ဘုံ လာပြီးတော့ လူဖြစ်၊ ကောင်းမှုကုသိုလ်တွေနဲ့ဆုံပြီး တရားတွေကိုနာရ၊ သို့သော်လည်း တို့ရဲ့သန္တာန်မှာ အသိဉာဏ်ကိန်းလောက်အောင်ကို ပွင့်မလာရင်တော့ ဒီပုဂ္ဂိုလ်သည် ဒါန၊ သီလဆိုတဲ့အလောဘ၊ အဒေါသ ဟိတ်လေး(၂)ခုဟာ အားကောင်းခဲ့ပေမယ့် အမောဟ ပျောက်နေတယ် နော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ဒီပုဂ္ဂိုလ်မျိုးကို ဒွိဟိတ်ပုဂ္ဂိုလ်လို့ မှတ်ထား'

'မှန်လှပါဘုရား'

'အခုလို ခန္ဓာဉာဏ်စိုက်တရားတွေကို ဟောပေးလို့ သဘောပေါက်အောင် နာနိုင်တယ်၊ ခန္ဓာဉာဏ်စိုက် အကျင့်တွေကိုလည်း ကောင်းစွာကျင့်နိုင်လို့ အမြင်လေးရှင်းလာတဲ့အသိလေး အားလုံးသန္တာန်ကိန်းရင် ဒါ အမောဟ ပါလာပြီနော်'

'မှန်လှပါဘုရား'

'ဒီပုဂ္ဂိုလ်မျိုးကို တိဟိတ်ပုဂ္ဂိုလ်၊ ဘယ်လိုပုဂ္ဂိုလ်'

'တိဟိတ်ပုဂ္ဂိုလ်ပါဘုရား'

'ဒါဖြင့် တိဟိတ်ပုဂ္ဂိုလ်ကျတော့လည်း ကြိုးစားရတာ အဆင်ပြေပေမယ့် ဒွိဟိတ်ပုဂ္ဂိုလ်ကျတော့လည်း အဆင်မပြေတဲ့အတွက်ကြောင့်မို့လို့ ဆုတ်နစ်တဲ့စိတ် မဖြစ်စေနဲ့'

'မှန်လှပါဘုရား'

'ယနေ့ သံသရာကလွတ်ချင်တော့ ဘာအလုပ်လုပ်ရမယ်'

'ဝိပဿနာအလုပ်လုပ်ရပါမယ်ဘုရား'

'ဝိပဿနာမလုပ်ရင်တော့ မရဘူးနော်၊ ဒါဖြင့် ဒီအသိလေးတစ်ခုက ကိုယ်က ဒီသံသရာထဲရောက်နေတယ်၊ ဩော်. . . တယ်ဆင်းရဲပါလား၊ တယ်ဒုက္ခကြီးပါလား၊ နေ့စဉ်ရုန်းကန်နေရတဲ့ဘဝ၊ ကြောက်စရာကောင်းလောက်အောင်ကိုပဲ နှစ်မွန်းရတဲ့ဆင်းရဲတွေက ငါတို့ကိုသိမ်းကြုံးဖိစီးလိုက်တာ၊ နလန်မထူနိုင်လောက်အောင်ကို တစ်ချို့ မခံရဘူးလား'

'ခံရပါတယ်ဘုရား'

http://www.dhammadownload.com



'အဲဒီထဲက ရုန်းထွက်ကြည့်ချင်တယ်ဆိုရင်တော့ ဘာလုပ်ရမလဲ'

'ဝိပဿနာအားထုတ်ရပါမယ်ဘုရား'

'အဲ သူ့ကို အားမထုတ်ရင်တော့ မရဘူး၊ ဒါကြောင့်မို့လို့ ယနေ့ သူတော်စင်တွေက ဩော်. . ငါတို့ဒီအသိတွေရှိတဲ့အတွက် တရားလာ အားမထုတ်ဘူးလား'

'အားထုတ်ပါတယ်ဘုရား'

'အဲလိုအားထုတ်ဖို့အတွက်က ကိုယ့်သန္တာန်မှာ စိတ်ကတော့ ထက်သန်ရမယ်နော်'

'မှန်လှပါဘုရား'

'ရက်(၁၀၀) ကို လာပြီးအားထုတ်မယ်ဆိုတဲ့ပုဂ္ဂိုလ်တွေဟာ နဂိုထဲ က စိတ်အားထက်သန်မှ အောင်မြင်မှာကိုး'

'မှန်လှပါဘုရား'

'တစ်ချို့တွေက ဟောဒီ ရက်(၁၀၀) မပြောနဲ့ တစ်ရက်တောင်မှ ကြောက်တယ်နော်'

'မှန်လှပါဘုရား'

'ဒီလိုဆိုရင် ဒီပုဂ္ဂိုလ်ရဲ့စိတ်က အဲဒီဘက်မှာ မထက်သန်တော့ အားထုတ်ဖို့ မဖြစ်ပြန်ဘူး၊ ယနေ့ မိမိတို့က စိတ်လေးထက်သန်တဲ့ အတွက်ကြောင့် အားထုတ်ဖို့ ဖြစ်လာတဲ့အတွက် အကျိုးတရားတွေရဲ့ ကောင်းစွာစံရတဲ့ အနေအထားလေးတွေက လတ်တလောကော မငြိမ်းချမ်းဘူးလား'

'ငြိမ်းချမ်းပါတယ်ဘုရား'

http://www.dhammadownload.com



'အပြင်မှာလို လောင်မြိုက်တဲ့အပူမီးတွေရော တောက်လောင်ခြင်းရဲ့အရှိန်အဟုန်က လျော့မသွားဘူးလား'

'လျော့သွားပါတယ်ဘုရား'

'တခြားလား အားထုတ်လို့လား'

'အားထုတ်လို့ပါဘုရား'

**"အားထုတ်ဖို့ရန်၊ စိတ်ရည်သန် အမှန်ကျိုးရှိသည်"**

'မိမိတို့ရဲ့သန္တာန်မှာ အဲဒီလို ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့တရားတွေအပေါ်မှာ ဒါနကုသိုလ်၊ သီလကုသိုလ်၊ စရဏမျိုးစေ့ ဒါလည်းမြတ်တယ်ဟေ့ လောကမှာရောက်ရာဌာန ရောက်ရာဘုံဘဝမှာ မနိမ့်ကျအောင်အထက်တန်းကျ မြင့်မြတ်ပြီးတော့ အသက်တမ်းတွေရှည်ပြီး အနာရောဂါကင်းပြီးတော့မှ စံရတဲ့ဘဝမျိုးကို အကျိုးပေးတဲ့အတွက်ကြောင့်မို့ အားရစရာ ကောင်းပါတယ်'

'မှန်လှပါဘုရား'

'သို့သော် အဲဒါသည် သံသရာရှည်လို့ မဆုံးနိုင်လောက်အောင်ကို ခံရမယ့်ဒုက္ခတွေက ခန္ဓာပြန်ရတဲ့အတွက် လက်ရှိကမပြေဘူးလား'

'ပြေပါတယ်ဘုရား'

'အဲဒီဒုက္ခတွေက လွတ်ချင်ရင်တော့ကွာ မင်းတို့ဝိပဿနာအလုပ်ကို လုပ်ကြစမ်းပါလို့ ဟောပေးလိုက်တဲ့တရား၊ ယနေ့ သူတော်စင်များကိုတစ်နည်းချဲ့ပြီးတော့ ကိုယ်လုပ်တဲ့အလုပ်နဲ့ အားရဖွယ်ဖြစ်အောင်ထောက်ပြသွားတယ်လို့ မှတ်ထားနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ဒီအလုပ်ကို မလုပ်ဖြစ်လုပ်ရမှာလားလို့ စိတ်ထဲမှာ ရည်သန်တဲ့ အလျောက် ရောက်ရှိလာတဲ့အတွက် ရက်(၁၀၀) မှာ သူတော်စင်များ ကြိုးစားနေတဲ့အခိုက်အတန့်မှာ အိမ်မှာတစ်ရက်တောင် ဥပုသ်ရဖို့ မလွယ်တာ ရက်(၁၀၀) စောင့်တော့ ရက်(၁၀၀) ဥပုသ်ရသွားပြီနော်'

'မှန်လှပါဘုရား'

'ရက်(၁၀၀) ဥပုသ်ရသွားသလို ရက်(၁၀၀) တိုင်တိုင် ကြိုးစားထား တဲ့ စွမ်းအားတွေကလည်း တစ်နေ့တခြား မမြင့်ဘူးလား'

'မြင့်ပါတယ်ဘုရား'

'အို့ . . ဒါကိုကြည့်ခြင်းအားဖြင့် ဟောဒီရည်သန်တဲ့စိတ်ကလေး ဟာ ထက်သန်လာတာနဲ့အမျှ အားထုတ်ဖို့ ကိုယ့်သန္တာန် ဟောဒီနေရာ လေးကို ရောက်လာခြင်းသည်ပင် အကျိုးကျေးဇူးများသွားတာပဲ'

'မှန်လှပါဘုရား'

'ဒီနေရာကိုသာရောက်မလာရင် ကိုယ့်အိမ်ကိုယ့်ရာမှာ နေစမ်းပါ၊ ဒီလောက်အကျိုးကျေးဇူးရမလားဟေ့'

'မရပါဘူးဘုရား'

'ရက်(၁၀၀) မှာ အားထုတ်ဖို့ စိတ်လေးရည်သန်ပြီး ရောက်လာတာ ကိုက အဖိုးတန်တာကို စရတာပါပဲ'

'မှန်လှပါဘုရား'

'ဒီလိုစိတ်လေးမဖြစ်တဲ့ပုဂ္ဂိုလ်ဟာ ဒီလိုနေရာကို ရောက်မလာဘူး နော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'မရောက်လာတဲ့အတွက်ကြောင့်လည်း အားထုတ်ဖို့ သူစိတ်မကူး၊ စိတ်မကူးတော့လည်း ဒီအကျိုးဘယ်ရမလဲ၊ အခုတော့ မိမိတို့မှာ ရက်(၁၀၀) အားထုတ်လိုက်တယ်၊ ရက်(၁၀၀)မှာ စောင့်ထိန်းတဲ့ သီလ၊ စောင့်နိုင်သမျှ ရသွားတာပဲ'

'မှန်လှပါဘုရား'

'ကြိုးစားထားတဲ့ နေ့စဉ် နေ့စဉ်သည် လောကီကိလေသာတရားတွေရဲ့ လွှမ်းမိုးအုပ်ချုပ်မှုအောက်က စွမ်းနိုင်သမျှထွက်ပေါက်လေးတွေ ရမနေဘူးလား'

'ရနေပါတယ်ဘုရား'

'လွတ်မြောက်အောင်ရုန်းနိုင်တဲ့ အချိန်တော်တော်များများ ပိုင်သွားတယ်နော်'

'မှန်လှပါဘုရား'

'အဲဒါကိုက အားထုတ်ဖို့စိတ်ကို ရည်သန်ပြီးရောက်ရှိလာတဲ့ အကျိုးကျေးဇူးဟာ နည်းမှမနည်းဘဲ'

'မှန်လှပါဘုရား'

'(၁၀) ရက်ဝင်နိုင်တဲ့ပုဂ္ဂိုလ် (၁၀) ရက်ဥပုသ် ရသွားတာပဲ၊ (၁၅) ရက် ဝင်နိုင်တဲ့ပုဂ္ဂိုလ် (၁၅) ရက်ဥပုသ်ရသွားတယ်၊ အဲဒီထဲမှာ ကိုယ်သိချင်တဲ့ အသိလေးတွေလည်း များစွာသိမသွားဘူးလား'

'သိသွားပါတယ်ဘုရား'

'ကဲဒီလိုဆိုတော့ အားထုတ်ဖို့စိတ်လေးရည်သန်ပြီး ရောက်လာတာတောင်မှ အဲဒီလိုမျိုး အကျိုးကျေးဇူးကြီးနိုင်တယ်ဆိုတာလေးကို တစ်ချက်

http://www.dhammadownload.com



မမေ့နဲ့နော်'

'မှန်လှပါဘုရား'

'ကဲ . . . ယနေ့သူတော်စင်တွေက အားထုတ်ဖို့ရောက်ရှိရောက် တာလား၊ အားထုတ်နေတာလား'

'အားထုတ်နေတာပါဘုရား'

'အားထုတ်နေတော့ ကိုယ်လိုချင်တာက ဘယ်လမ်းဆုံး'

'နိဗ္ဗာန်လမ်းဆုံးပါဘုရား'

'နိဗ္ဗာန်လမ်းဆုံးကိုတော့ အခုချိန်ခါမှာ အဓိဋ္ဌာန်ရက်(၁၀၀) အောင်မြင်စွာတော့ ပြီးဆုံးသွားပြီ လုပ်ငန်းခွင်အရကတော့ ပြီးဆုံးသွားပြီ၊ ခရီးလမ်းဆုံးလား မေးရင်'

'မဆုံးသေးပါဘူးဘုရား'

'မပြီးတော့မပြီးသေးပါဘူး၊ မပြီးပင်မပြီးသော်လည်း ကိုယ် အားထုတ်နေတဲ့အခိုက်အတန့်လေး ပြန်ပြီးနှလုံးသွင်း'

**"အားထုတ်နေဆဲ၊ မပြီးလည်း၊ ကြီးမြဲကျိုးရှိသည်"**

'ကြီးကြီးမားမားကို အကျိုးကျေးဇူးတွေရှိတယ်လို့ဆိုလိုက်တာပါ'

'မှန်လှပါဘုရား'

'ယနေ့ မိမိတို့တစ်တွေသည် အားထုတ်နေဆဲပုဂ္ဂိုလ်တွေနော်'

'မှန်လှပါဘုရား'

'အားထုတ်နေဆဲ ပုဂ္ဂိုလ်တွေဟာ တစ်ရက်၊ တစ်မနက်၊ တစ်ပတ်၊ (၁၀) ရက်၊ တစ်လ မဟုတ်ပါဘူး၊ ရက် (၁၀၀) တိုင်တိုင် ကျင့်ကြံကြိုးစား

http://www.dhammadownload.com



အားထုတ်နေတာမို့လို့ သီလရဲ့အရှိန်အဆော်လည်းကြီးတယ်၊ တစ်ရက်၊ တစ်မနက်စောင့်တဲ့သီလနဲ့ ရက်(၁၀၀) စောင့်တဲ့သီလ တူပါ့မလားဟေ့'

'မတူပါဘူးဘုရား'

'ယနေ့ ကျင့်ကြံဆဲအခိုက်အတန့်မှာ နေ့စဉ်နေ့စဉ် တရားတွေ နာတယ်၊ တရားတွေနှလုံးသွင်းတယ်၊ နာကြားတဲ့အသိကလည်း ကိုယ် လိုသမျှလေးတွေကို ဖြည့်ပေးနေတာမို့လို့ ဉာဏ်လေးတွေဟာ တစ်နေ့ တခြား ပွင့်မလာဘူးလား'

'ပွင့်လာပါတယ်ဘုရား'

'ပွင့်သလောက်လည်း ခန္ဓာထဲမှာကြည့်လိုက်တော့ ဉာဏ်မရောက် လာဘူးလား'

'ရောက်လာပါတယ်ဘုရား'

'အို ဒါသည်ပင်လျှင် အားထုတ်နေဆဲရဲ့ မပြီးသေးလည်းပဲ အကျိုး ကျေးဇူးများနေတာ၊ ကိုယ်တရားအားထုတ်တဲ့အပိုင်းလေး ကိုယ်အသိ ဆုံးပဲနော်'

'မှန်လှပါဘုရား'

'ကိုယ်ကဒီအချိန်ခါမှာ ရက်(၁၀၀) မှာ တဖြည်းဖြည်းနဲ့ ကြိုးစား လာခဲ့တာ တစ်ပတ်နဲ့လည်း ကိုယ်က ဉာဏ်မပွင့်ဘူး၊ (၁၀) ရက်နဲ့လည်း ဉာဏ်မပွင့်ဘူး၊ တစ်လနဲ့လည်း ဉာဏ်မပွင့်ဘူး၊ တစ်ချို့ ရက်(၅၀) လောက်မှ ရုပ်လေး၊ နာမ်လေးကွဲသွားတာ၊ တစ်ချို့လည်းပဲ ရက်(၇၀) လောက်မှ ဖြစ်ပျက်လေး စသဘောပေါက်တာ၊ ကဲ အဲဒီလိုမျိုး ကြိုးစားတဲ့ အတွက်ကြောင့်မို့လို့ မသိသေးတာလေး သိရပြီ၊ အမြင်မရှင်းတာလေး

http://www.dhammadownload.com



ရှင်းသွားပြီ၊ လုပ်အားအနေနဲ့ကလည်း စွမ်းအားမြင့်မလာဘူးလား'

'မြင့်လာပါတယ်ဘုရား'

'နာကြားရတဲ့ တရားဗဟုသုတလည်း မတိုးဘူးလား'

'တိုးလာပါတယ်ဘုရား'

'အို့ . . ဒါသည်ပင် တို့ကျင့်ဆဲ ကြံဆဲ အားထုတ်ဆဲမှာ တို့လိုချင်တဲ့ ပန်းတိုင်နိဗ္ဗာန် မရမရောက်လို့ မပြီးဆုံးသေးလည်း အားမငယ်နဲ့ အံ့မခန်း အကျိုးတွေကို ရလိုက်တာနော်'

'မှန်လှပါဘုရား'

'အဲဒီအကျိုးတွေကလည်း တို့တွေကို အပါယ်(၄) ပါးလွတ်အောင် ကယ်ပြီးသား၊ ကဲ ယနေ့အားထုတ်ရတာ စွမ်းအားကငါတို့ မရသေးဘူး ကွာ၊ လိုချင်တာ မရသေးဘူးလို့ အားမငယ်နဲ့နော်'

'မှန်လှပါဘုရား'

'ကိုယ်အားထုတ်သလောက်ကို အကျိုးတွေက အရမ်းကိုကြီး နေတယ် ဆိုတာက သီလစွမ်းအားဘက်က ကြည့်မလား၊ သမာဓိစွမ်းအား ကပဲ ကြည့်မလား၊ သတိဘက်က ကြည့်မလား၊ ဝီရိယဘက်ကပဲ ကြည့် မလား၊ ဒီရက် (၁၀၀) ခံနိုင်ဖို့ ဘယ်လွယ်ပါ့မလဲ'

'မလွယ်ပါဘူးဘုရား'

'သဒ္ဓါဘက်ကပဲကြည့်မလား၊ အိမ်မှာနေတာထက် သဒ္ဓါတရား ပိုကြီးတယ်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'နေ့စဉ် နေ့စဉ် ကြိုးစားလို့ သတိတရားတွေကော မကြီးဘူးလား ဟေ့'

'ကြီးပါတယ်ဘုရား'

'လုံ့လစိုက်ပြီးကြိုးစားတော့ ဝီရိယစွမ်းအားကော မမြင့်ဘူးလား'

'မြင့်ပါတယ်ဘုရား'

'ကဲ ဒီခန္ဓာမှာ အရှိတရားတွေကို အချိန်တော်တော်ကြာကြာ ငြိမ်သက်အောင် ကြိုးစားနိုင်လို့ သမာဓိစွမ်းအားလည်း တစ်နေ့တခြား ကြီးတယ်၊ ရက်(၁၀၀) စွမ်းအား ဘယ်တူပါ့မလဲ'

'မှန်လှပါဘုရား'

'အမြင်မရှင်းတာတွေကို ရှင်းလာတဲ့အတွက် ပညာစွမ်းအားကော မြင့်မလာဘူးလား'

'မြင့်လာပါတယ်ဘုရား'

'လိုချင်တဲ့ပန်းတိုင်နိဗ္ဗာန်ကိုသာ လမ်းဆုံးမရောက်သေးတာပါ'

'မှန်လှပါဘုရား'

'သို့သော်လည်း ကိုယ့်မှာက အဲဒီလိုလေးအားထုတ် အားထုတ်တဲ့အတွက်ကြောင့်မို့လို့ မပြီးဆုံးသေးလည်းပဲ စိတ်အားငယ်စရာမလိုဘူး ဆိုတာလေး ပေါ်သွားပြီနော်'

'မှန်လှပါဘုရား'

'တစ်နေ့တော့ မဆုံးဘူးလားမေးရင်'

'ဆုံးမှာပါဘုရား'

http://www.dhammadownload.com



'အဲဒီဆုံးဖို့အတွက်က အခု ရက်(၁၀၀) မှာ လာပြီးတော့ ကြိုးစားလိုက်တဲ့အတွက်ကြောင့် အသိတရားတွေဟာ အံ့မခန်းအမြင်ရှင်းသွားခြင်းသည်ပင် ရှေ့လမ်းလျှောက်ဖို့အတွက်က အခက်အခဲမရှိတော့ဘူး'

'မှန်လှပါဘုရား'

'ဆရာသမားတွေနဲ့ ကင်းဝေးသွားလည်းပဲ တစ်နေ့တစ်နေ့ တစ်နေရာမှာ ကိုယ်အားထုတ်တဲ့အခါမှာ အဟန့်အတား အနှောက်အယှက်တွေ ဘယ်လိုလာလာ ဖြေရှင်းနိုင်တဲ့စွမ်းအားသတ္တိ မပေါ်သွားဘူးလား'

'ပေါ်သွားပါတယ်ဘုရား'

'အားမထုတ်ရင် ဒီလိုမရပါဘူး'

'မှန်လှပါဘုရား'

'အားထုတ်တဲ့အတွက်ကြောင့် ဒီစွမ်းအားတွေ ရနေပါလားဆိုတာကို မမေ့နဲ့နော်'

'မှန်လှပါဘုရား'

'ဒီလိုဆိုတော့ တို့တွေက အားထုတ်ဖို့စိတ်ကလေး ထက်သန်ပြီး ရောက်ရှိလာကတည်းကိုက ကျေးဇူးက များသွားပြီ၊ ဒါတင်မကသေးဘဲ (၁၀) ရက်နိုင်တဲ့ ပုဂ္ဂိုလ် (၁၀)ရက် အားထုတ်သွားတယ်၊ တစ်လနိုင်တဲ့ ပုဂ္ဂိုလ် တစ်လအားထုတ် သွားတယ်၊ ဟောဒီမှာရှိနေတဲ့ အများစုက ရက်(၁၀၀) တိုင်တိုင် အောင်မြင်စွာ အားထုတ်နေတဲ့ပုဂ္ဂိုလ်တွေဆိုတော့ စွမ်းအားက အံ့မခန်းမကြီးဘူးလား'

'ကြီးပါတယ်ဘုရား'

http://www.dhammadownload.com



'အပါယ်(၄) ပါး တွန်းချတောင် မကျဘူးနော်'

'မှန်လှပါဘုရား'

'ဘာဖြစ်လို့လဲမေးတော့ စူဠသောတာပန်အသိဆိုတာက ဖြစ်ပျက်ကို ကိုယ်ပိုင်ဉာဏ်နဲ့မြင်ထားရင် အကြောင်းအကျိုးတွေပေါ်မှာ သဘောပေါက်ရင် သေချာတာက ဒီဘဝ ဘယ်တော့မှအပါယ်မကျပါဘူး'

'မှန်လှပါဘုရား'

'ဒါဖြင့် အားထုတ်နေတဲ့ပုဂ္ဂိုလ် အကျိုးကြီးတယ်ဆိုတာလေး ဘယ်တော့မှ မမေ့နဲ့နော်'

'မှန်လှပါဘုရား'

'ဖြစ်ပျက်အမြင်တွေဟာ ပိုအားသန်လာမယ်၊ သတိ၊ ဝီရိယ၊ ပညာတွေ ပိုပြီးတော့ကြီးလာမယ်၊ အားမထုတ်ရင် မရပါဘူး'

'မှန်လှပါဘုရား'

'အဲဒီလို အားထုတ်နေတဲ့ပုဂ္ဂိုလ်များကိုလည်းပဲ'

**"အားထုတ်နေငြား၊ သူတစ်ပါး၊ မြစ်တား ပြစ်ကြီးသည်"**

'ကိုယ်ကတော့ အားမထုတ်ဘူး၊ အားထုတ်နေတဲ့ပုဂ္ဂိုလ်ကို အားထုတ်လို့ မရအောင် အမျိုးမျိုးစိတ်ညစ်အောင်လုပ်နေရင် အဲဒီအပြစ် အကြီးဆုံးပဲနော်'

'မှန်လှပါဘုရား'

'အားမထုတ်တဲ့ပုဂ္ဂိုလ်များကိုလည်း သတိပေးပါ၊ ကိုယ်က အားမထုတ်ဘူး အားထုတ်ဖို့အတွက် ခွင့်ပြုပြီးရင်လည်းပဲ အဲဒီခွင့်ပြုတဲ့ အပေါ်မှာ သွားပြီးတော့ အနှောက်အယှက်မပေးနဲ့၊ အဲဒီလို အနှောက်

http://www.dhammadownload.com



အယှက်ပေးမိရင် အဲဒီအဟန့်အတားအပြစ်က အင်မတန်ကြီးတဲ့အတွက် ဓမ္မန္တရာယ်သင့်တယ်ပေါ့နော်'

'မှန်လှပါဘုရား'

'အချင်းချင်းလည်းပဲ တရားအားထုတ်နေတာ သူတစ်ပါးကိုသွားပြီး တော့မှ အားထုတ်လို့မရအောင်ကို အနှောက်အယှက်မပေးနဲ့ ဒါတွေက သတိမထားရဘူးလား'

'ထားရပါတယ်ဘုရား'

'ရက်(၁၀၀) ဆိုတာက တစ်ဦးနဲ့တစ်ဦး တစ်ယောက်နဲ့တစ်ယောက် ရှိကြတာကို အဲဒီလိုရှိတော့ နေရာနဲ့ပတ်သက်လို့ အခွင့်အရေးပေးတာနဲ့ ပတ်သက်လို့ ကိုယ့်မှာက လိုချင်တာလေးမဖြစ်ရင် ဂြူစူတတ်တယ်၊ စောင်းမြောင်းတတ်တယ်၊ ဒါမျိုးတွေနဲ့ တစ်ခုနဲ့တစ်ခု တစ်ယောက်နဲ့ တစ်ယောက် တစ်ဦးနဲ့တစ်ဦး အမြင်လေးမကြည်လင်တာဖြစ်လိုက်ပြီ ဆိုရင် အနှောက်အယှက် အဟန့်အတားတွေ မလာဘူးလား'

'လာပါတယ်ဘုရား'

'ဒါလေးတွေကိုလည်း သတိထားနော်'

'မှန်လှပါဘုရား'

'ယနေ့ အားထုတ်လာတဲ့ပုဂ္ဂိုလ်တွေ အားထုတ်နေဆဲဖြစ်တဲ့ အတွက်ကြောင့်မို့လို့ အားထုတ်ရင် အားထုတ်သလောက် အံ့မခန်းအကျိုး တွေရမယ့်နေရာမှာ အဟန့်အတားတွေလည်း မမေ့ပါနဲ့'

'မှန်လှပါဘုရား'

'ကိုယ့်ကိုယ်ကို လွတ်လွတ်လပ်လပ် အားထုတ်နိုင်အောင် ပံ့ပိုး ကြတဲ့ပုဂ္ဂိုလ်တွေ အိမ်ကနေလာပြီးတော့ အကြောင်းအမျိုးမျိုးတွေ

http://www.dhammadownload.com



ပြပြီးတော့ ဘာမှမဟုတ်ဘဲနဲ့လည်း အိမ်ပြန်အောင်လုပ်တတ်တယ်နော်'

'မှန်လှပါဘုရား'

'ဒီကလည်း ငိုချင်ရက်လက်တို့ဆိုတော့ တန်းကနဲ ပါသွားတာ ကော မရှိဘူးလား'

'ရှိပါတယ်ဘုရား'

'ဒါတွေကလည်း စိတ်ထက်သန်မှု အားနည်းလို့ပါ'

'မှန်လှပါဘုရား'

'တစ်ချို့ကလည်း ရက်(၁၀၀) လေးပြည့်ပြီး (၁၀၁) ရက်တောင်မှ တစ်ချို့ မနေချင်တော့ဘူး၊ အဲလိုကော မရှိဘူးလား'

'ရှိပါတယ်ဘုရား'

'အို. . . တစ်ချို့ဆို ပြန်မယ်တကဲကဲ ဖြစ်နေပြီ၊ အဲဒါလေးတွေကို ကြည့်ခြင်းအားဖြင့် ဩော်. . . ငါတို့တွေသည် ဟောဒီလို အကျိုးကြီးတဲ့ တရားတွေကို တစ်စက္ကန့်လေးနေ တစ်စက္ကန့်တိုးတာပဲ၊ တစ်မိနစ်လေးနေ တစ်မိနစ်တိုးတာပဲ၊ တစ်နာရီလေးနေလိုက်ရင် တစ်နာရီတိုးတာပဲ၊ ဒီလောက်ကြိုးစားနေတဲ့ စွမ်းအားတွေမြင့်လာတဲ့တရားဟာ ကိုယ့်သန္တာန်မှာ အားကောင်းစွာတည်လား မတည်လားကိုက အိမ်ပြန်ချင်တဲ့ ခြေလှမ်းသွက်လာပြီ၊ မနေချင် မထိုင်ချင် အောင်ဖြစ်လာပြီဆိုကတည်း ကိုက အဲဒီပုဂ္ဂိုလ်ရဲ့စွမ်းအား အားကောင်းလား လျော့လား'

'လျော့ပါတယ်ဘုရား'

'အရှိန်ကဘာဖြစ်ရမလဲ'

'မြှင့်ရမှာပါဘုရား'

http://www.dhammadownload.com



'အားထုတ်နေတဲ့ပုဂ္ဂိုလ်သည် မပြီးလည်းပဲ အကျိုးကကြီးကို ကြီးရမှာက ငါသည် ဟောဒီအချိန်အခါမှာ ဟောဒီတရားစခန်းပွဲ ပြီးဆုံးလည်း အားလုံး အဓိဋ္ဌာန်ပြီးမြောက်တာသည် နောက်နေ့အာရုဏ် အဲဒီအချိန်ထိ ငါ ကြိုးစားမယ်၊ ဒါတောင်မှ အခွင့်အရေးရှိရင် ဆက်နေ ချင်သေးတယ်၊ တစ်နေရာမဟုတ် တစ်နေရာ ငါသွားကြိုးစားမယ်၊ ဒီလိုမျိုး စွမ်းအားတွေ မြှင့်သွားမယ်ဆိုရင်တော့ သူသိထားတဲ့တရားကတော့ ဩော် . . . တယ်ဟုတ်ပါလားဆိုတာကို ပြောလို့ ရတာပေါ့နော်'

'မှန်လှပါဘုရား'

'အခုတော့ အိမ်ပြန်ဖို့အတွက်ကိုပဲ အားထည့်ပြီးတော့မှ ဆုတ်နစ် စိတ်တွေ မွေးနေရင်တော့ ဒီပုဂ္ဂိုလ် တော်တော်စဉ်းစားရမယ်နော်'

'မှန်လှပါဘုရား'

'ရက်(၁၀၀) တောင်မနေဘူးလား နေလား'

'နေပါတယ်ဘုရား'

'နေလည်းနေသေးတယ်၊ အဲဒီစိတ်လေးက ခုကျမှ ဆုတ်နစ်တယ် ဆိုရင်တော့ စဉ်းစားပေါ့'

'မှန်လှပါဘုရား'

'အရှိန်ကဘာလုပ်ရမလဲ'

'မြှင့်ရမှာပါဘုရား'

'သံယောဇဉ်တွေ ပိုပြီး ဘာဖြစ်ရမလဲ'

'ဖြတ်ရမှာပါဘုရား'

http://www.dhammadownload.com



'လောဘ၊ ဒေါသက ဘာဖြစ်လဲ'

'ပိုပြီးတော့လျှော့ရမှာပါဘုရား'

'အခုမပြီးဆုံးသေးဘူးဆိုပြီးတော့ ပြန်ချင်တာက ဘာဖြစ်လို့တုန်း အကျိုး ကြီးလား နည်းလား'

'နည်းပါတယ်ဘုရား'

'သေချာနှလုံးသွင်းကြနော်'

'မှန်လှပါဘုရား'

'ငါတို့တွေသည် ဟောဒီသံသရာက လွတ်ဖို့အတွက်သည် ဝိပဿနာအလုပ်ကိုသာ ကြိုးစားရမယ်၊ သံသရာဆုံးဖို့ ရှေ့ရှေ့ဘုရား၊ နောင်တော့် နောင်တော်ဘုရားတွေလည်းပဲ အခုလိုမျိုး ကြိုးစားသွားတဲ့ အတွက်ကြောင့်မို့လို့ ပရိနိဗ္ဗာန်ဝင်စံသွားပြီလို့ ပစ္စေကဗုဒ္ဓါက ဒီတရားလေး ပြောတာနော်'

'မှန်လှပါဘုရား'

အဲဒီလို ပြောရုံပြောပြီးထားခဲ့ပေမယ့် ယနေ့ နားလည်အောင် လည်းပဲ မြတ်စွာဘုရားက ဟောပေးတဲ့တရားကို ဩော်. . ရှေ့ရှေ့ ဟောပေးခဲ့တဲ့ပုဂ္ဂိုလ်တွေရဲ့ဉာဏ်တွေ အဲဒီဉာဏ်တွေကလည်း အံ့မခန်း ဘဲနော်'

'မှန်လှပါဘုရား'

'အခု ဒါတွေကိုမှီငြမ်းပြီးတော့မှ ပြန်ဟောပေးတော့ သူတော်စင် များရော နားမလည်ဘူးလား'

'နားလည်ပါတယ်ဘုရား'

http://www.dhammadownload.com



'ကိုယ်သိတဲ့တရားကို ကိုယ်ဆန်းစစ်ပါ'

'မှန်လှပါဘုရား'

'အဲဒီတရားလေးတွေက ပိုပြီးအားကောင်းရမှာ၊ ငါတို့တွေသည် ဟောဒီ လောကထဲမှာနေရတာကိုက အေးချမ်းတယ်၊ အပြင်လေးကို ရောက်လိုက်ရင် ပူလောင်တဲ့အငွေ့အသက်က တန်းရိုက်တာပဲ'

'မှန်လှပါဘုရား'

'အမြင်ကလည်းပဲ ပူလောင်တယ်၊ အကြားကလည်း ပူလောင်တယ်၊ နေရထိုင်ရတာလည်း ပူလောင်တယ်၊ အဲဒီ ပူလောင်တဲ့အရပ်ထဲကို ငါတို့တိုးရမှာ လန့်စရာပါလားဆိုပြီး သိထားတဲ့အသိတရားလေးကို သတိလေးတစ်ချက် ကိန်းလိုက်တာနဲ့ ယနေ့ မိမိတို့ရဲ့သန္တာန်မှာရှိတဲ့ တရားလေးက ပိုပိုပြီးတော့ အားကောင်းအောင် ဆက်လက်ပြီး မပွံ့ပိုး ဘူးလား'

'ပွံ့ပိုးပါတယ်ဘုရား'

'ကိုယ်ပြန်ချင်တာနဲ့ သူတစ်ပါးကိုလည်း တားမြစ်ရာမရောက်တော့ ဘူး၊ ကိုယ်ပြန်ချင်တာနဲ့ သူတစ်ပါးကို လက်တို့ခေါ်ရင် သူများလုပ်တဲ့ အလုပ်ကို တားမြစ်ရာရောက်တယ်နော်'

'မှန်လှပါဘုရား'

'ဒါမျိုးမဖြစ်အောင်လည်း မကြိုးစားရမှာလား၊ ကြိုးစားရမှာလား'

'ကြိုးစားရမှာပါဘုရား'

'ကဲ. . . တစ်ချို့ကလည်း အခုလိုမျိုးတရားတွေ အားထုတ်တယ်၊ လာအားထုတ်ပေမယ့် သာသနာတော်နဲ့တော့ လာဆုံတယ်၊ ဒီတရားမျိုး

http://www.dhammadownload.com



တွေကို နာရတယ်၊ တစ်ချို့က ဉာဏ်ရှင်းတယ်၊ တစ်ချို့က အကြိမ်ကြိမ် နာလည်း ဉာဏ်နားမလည်ဘူးဖြစ်နေတယ်၊ ဒီပုဂ္ဂိုလ်က ဒါန၊ သီလဆိုတဲ့ ဒွိဟိတ်အနေနဲ့တော့ ပံ့ပိုးတဲ့အတွက် လူ့ပြည်ဌာန လူ့လောကမှာ သာသနာနဲ့ လာဆုံတယ်၊ ဒါပေမယ့် အမောဟတည်းဟူသော ဟိတ် တစ်ပါးက ကွယ်ပျောက်နေတဲ့အတွက်ကြောင့်မို့လို့ တိဟိတ် မဖြစ်တော့ဘူး၊ အဲလိုမဖြစ်တော့ သူ့ခမျာ ဩော်-ဒီတရားတွေနာလို့မရ၊ အား ထုတ်လို့မရ၊ ကျင့်ကြံလို့မရ ဖြစ်နေတယ်၊ ကျင့်ကြံလို့မရတဲ့ပုဂ္ဂိုလ်တွေ ကိုလည်း အားပေးပါ၊ အားပေးလို့ သူတို့တွေက နာရင်းနဲ့ သဘော ပေါက်သွားလို့ ဩော်. . . ငါတို့လုပ်ရမှာပါလားလို့ ဒီစိတ်လေး ရည်သန် ပြီးတော့များ'

"ပါရမီမရှိ၊ အားထုတ်ကြည့်၊ ရှိဘိပါရမီ"

'ကဲ. . . ကိုယ့်မှာက ပါရမီတော့မရှိဘူး၊ အဲဒီပါရမီမရှိပေမယ့် ယခု တရားတွေကို နာတယ်၊ တရားတွေကို နှလုံးသွင်းခွင့်ရပြီ မိတ်ကောင်းဆွေ ကောင်း၊ ဆရာကောင်းသမားကောင်းရဲ့ လမ်းညွှန်မှုကြောင့် ဒွိဟိတ်အနေ အထားကနေ ဒီမျိုးစေ့လေးကို ကောင်းစွာတည်အောင် ကြိုးစားသွားရင် ဒီပုဂ္ဂိုလ်သည် ဒုတိယဘဝမှာ တိဟိတ်ပုဂ္ဂိုလ် သေချာသွားပြီ'

'မှန်လှပါဘုရား'

'ဒါဖြင့် အခုပစ္စုပ္ပန်မှာ ပါရမီမရှိသော်လည်း အားထုတ်ကြည့်နော်'

'မှန်လှပါဘုရား'

'အားထုတ်ကြည့်ရင် ဒီပုဂ္ဂိုလ်ပါရမီ ရှိကိုရှိသွားမယ်၊ တိဟိတ်ပုဂ္ဂိုလ် ဖြစ်ကိုဖြစ်သွားမယ်၊ ဟောဒါဆိုရင်တော့ အားထုတ်ရတာ ကျေးဇူးကြီး တယ်ပေါ့'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ဩော်. . . ငါ့မှာပါရမီမှ မပါတာ၊ အားမထုတ်ဘူးကွာဆိုပြီး ဖြစ်ထားကြည့် ရပ့်မလားဟေ့'

'မရပါဘူးဘုရား'

'သတိထားနော်'

'မှန်လှပါဘုရား'

'တို့တွေအားလုံးက ဟောဒီတရားတွေကို နာတတ်နေတယ်၊ ကျင့်ကြံ ကြိုးစားမှုအပိုင်းမှာလည်း ဉာဏ်ရောက်တယ်၊ တစ်ချို့က တရားပွဲကို ခေါ်လို့သာ ရောက်လာတာ၊ သူဘာဟောလို့ ဟောမှန်းမသိ၊ ဩော်. . . ဒါပေမယ့် ကိုယ်က အဲဒီပုဂ္ဂိုလ်တွေကို ကိုယ်နဲ့သာသနာပြုဖက် ဖြစ်တဲ့အတွက် လက်မလွှတ်စေနဲ့၊ ကြိုးစာပြီး ပါရမီလေးဖြည့်ပေးစမ်းပါ၊ အဲလိုဖြည့်ပေးလာလို့ သူတစ်နေ့ တစ်နေ့ တရားတွေနာမယ်၊ မျိုးစေ့လေး ရအောင် တရားထိုင်မယ်၊ အဲလိုနဲ့ ကြိုးစားသွားရင် အဆင်မပြေဘူးလား ပြေမလား'

'ပြေပါတယ်ဘုရား'

'ယနေ့ သူတော်စင်တွေ အံ့ဖွယ်ကောင်းလောက်အောင်ကို ကြုံလိုက်ရတာက အခုဒီဝါတွင်းမှာပဲ ဟောဒီရေသန့်လေးတွေကို လှူတဲ့မိသားစုရဲ့သားလေး သူလည်းပဲ စကားတော့ မပြောတတ်ရှာဘူး၊ ဒါပေမယ့် ဒီကိုရောက် လာပြီးတဲ့အချိန်အခါမှာ အဲဒီကလေးလေး တရားတွေကို နာချင်လာတယ်၊ တရားခွေတွေယူပြီးတော့ မိဘတွေကိုဖွင့်ခိုင်းတယ်၊ သူ့ရဲ့သန္တာန်မှာ မျိုးစေ့လေးကိန်းလာတာကိုက အံ့စရာနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'တကယ်တမ်းကျရင် စကားမပြောတတ်တဲ့ အနေအထားဟာ မွေးကတည်းက ချို့ယွင်းလာခဲ့တာပါ။ ဒီကလေးဟာ အခုတော့ ဒီတရားတွေကို နာချင်တယ်၊ ကျောင်းကန်ဘုရားတွေကို သွားချင်တဲ့စိတ်တွေ အားကောင်းလာတယ်၊ ဖူးတွေ့ချင်တဲ့စိတ်တွေ အားကောင်းလာတယ်၊ အဲဒါလေးကို မိဘတွေက တွဲခေါ်လာတဲ့အနေအထား ရောက်ရှိလာတော့ သူ့ရဲ့မြင်ကွင်းလေးမှာ ကြည်ညိုစရာလေးတွေ သူ့ရဲ့ရင်ထဲမှာ အေးချမ်းတာတွေ ဒါလေးတွေကို ခံစားရတော့ ဒီကလေးရဲ့ကုသိုလ်စိတ်လေး တိုးမသွားဘူးလား'

'တိုးသွားပါတယ်ဘုရား'

'ဒါကုသိုလ်စိတ်ဖြစ်တာပြောတာနော်'

'မှန်လှပါဘုရား'

'နောက်တစ်ဦးလည်း ကစားမပြောတတ်ပါ။ အဲဒီမပြောတတ်တဲ့ တစ်ယောက်ကျတော့ အသက်အရွယ်က (၃၀) ကျော် (၄၀)ကျော် လောက်တော့ ရှိမှာပေါ့လေ၊ အဲဒီဒကာမလေးကျတော့ သူ့အိမ်က မိသားစုက ဆွမ်းစားပင့်လို့ ဘုန်းကြီးတို့ ကြွသွား၊ ဟိုရောက်တော့ တရားဟောပေး၊ အဲဒီမိသားစုကနေပြီးတော့ စကားမပြောတတ်တဲ့ ဒကာမကို မိတ်ဆက်ပေး၊ စကားမပြောတတ်ပေမယ့် တကယ့်ကို အံ့သြစရာကောင်းလောက်အောင်ကို ကြည့်လိုက်မယ်ဆိုရင် အကုန်လုံးကို တတ်တဲ့သဘောရှိတယ်၊ အဲဒီအချိန်အခါ မှာ ဒီတရားတွေကို အားထုတ်ဖို့ လက်ဟန်ခြေဟန်နဲ့ သူ့ရဲ့မိသားစုကို စကားနဲ့ ပြောပြတော့ သူ့ကိုသင်ပေးတဲ့အခါမှာ သူလုပ်မယ်ဆိုတဲ့ကတိပေးတယ်၊ အဲဒါ ဝါဦးကာလနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အဲဒီတော့ ကတိလေးပေးပြီးတော့မှ ဒီဒကာမလေးဟာ 'အ' နေပေမယ့် စက်ချုပ်တဲ့အသက်မွေးမှု လုပ်နေတာပါ။ ဒီတရားကို အချိန်တိုင်းမှာ နားလည်အောင် သဘောပေါက်အောင် နှာခေါင်းလေးမှာ အာရုံစိုက်တိုးတာ အေးတာလေးကိုကြည့် သိစရာလေး ရှိတာလေးကိုသိ၊ ဒါလေးကိုပဲ သင်ပေးတာ၊ အဲဒီအလုပ်ပဲလုပ်တယ်၊ ဒီတရားတွေကို အားထုတ်ရတာ သူအေးချမ်းတယ်၊ ဆရာတော်ဆီကို ပို့ပေးပါဆိုပြီး သူ့မိဘကို ပြောပေမယ့် ဟိုကလည်း အလုပ်များတော့ နိုင်ငံခြားကြွတယ် ဘာဖြစ်တယ်နဲ့ ရှောင်နေတာပေါ့၊ ဟိုက စိတ်တိုတာပေါ့၊ အဲတော့ ဒုတိယတစ်ခေါက်လာတယ်၊ လာပြီးတော့ သူသိတာလေး ပြောပြတယ်၊ သူအားထုတ်နေပြီ၊ အဲဒီအချိန်မှာ စကားလည်းပဲ ပီပါတယ်၊ ဒီတရားတွေလုပ်တယ် အဲဒီလိုလုပ်တဲ့အတွက် သူအေးချမ်းမှုကိုရတယ်၊ စဉ်းစားနော်'

'မှန်လှပါဘုရား'

'ဒါဖြင့်ရင် ဒီဒကာမသည် တကယ်တမ်းကျတော့ ဒီတရားတွေနဲ့ မဝေးဘူးလားမေးရင်'

'ဝေးပါတယ်ဘုရား'

'အဲဒီတရားလေးကို နာရပြီးတော့မှ လုပ်ချင်စိတ်လေးဖြစ်သွားတာကိုက အကြောင်းအကျိုးတွေနဲ့ မရှိဘူးလားမေးရင်'

'ရှိပါတယ်ဘုရား'

'သူ့ရဲ့သန္တာန်မှာ ဒီတရားကို သဘောပေါက်ပြီး အားထုတ်ဖို့ဆိုတာ လွယ်တာမဟုတ်ဘူးနော်'

'မှန်လှပါဘုရား'

'ကဲ. . . ဟိုတစ်နေ့ကထပ်ပြီး ရောက်လာတယ်၊ မပို့ပေးလို့ဆိုပြီး

http://www.dhammadownload.com



စိတ်တွေဆိုးနေတာတဲ့၊ သူက ပုံမှန်အားထုတ်သွားတာ တစ်နေ့ကို (၂)နာရီလည်းမက (၃)နာရီလည်းမက အားထုတ်တယ်နော်'

'မှန်လှပါဘုရား'

'တစ်ရက်မှ မပျက်ဘူးတဲ့နော်'

'မှန်လှပါဘုရား'

'အဲဒီတည်းကနေ ခုချိန်ထိကို တစ်ရက်မှ မပျက်ဘူးတဲ့၊ ပုံမှန်အားထုတ်တာ ရှိတဲ့ပုဂ္ဂိုလ်ကတောင် သူ့လိုအားမထုတ်ကြဘူး၊ အဲတော့ သူက ဘာတွေမြင်လာလဲမေးရင် ဟောဒီခန္ဓာကိုယ်မှာ အသားတွေ ပြုတ်ပြုတ်ကျပြီးတော့မှ အရိုးစုလို သူမြင်တယ်၊ အဲဒီအသိတွေကနေပြီးတော့မှ တစ်ခုနဲ့တစ်ခု ပြုတ်ပြုတ်ကျသွားတာ အံ့ဩစရာကောင်းလောက်အောင်ကို သူတွေ့နေရတယ်တဲ့၊ တစ်နေ့ကတော့ အမူအရာနဲ့ပြောတယ်၊ အဲဒီတရားတွေကို သူအားထုတ်တဲ့အတွက်ကြောင့် သူ့မှာ အမြဲတမ်းကြည်လင်ပြီး အေးချမ်းတယ်တဲ့၊ ဒါကိုပြန်ပြီး တစ်ချက်ကြည့်နော်'

'မှန်လှပါဘုရား'

'သူအခုလို အားထုတ်သွားတဲ့အတွက်ကြောင့် သူသည် လမ်းမဆုံးသော်လည်းပဲ လမ်းဆုံးဖို့လည်း မလွယ်ဘူးပေါ့လေ'

'မှန်လှပါဘုရား'

'ပါရမီကော မပြည့်ဘူးလား'

'ပြည့်ပါတယ်ဘုရား'

'သေချာပေါက်ပြည့်နိုင်တယ်နော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ကဲ. . . မွေးတဲ့အခါမှာ သူ့ခမျာ အသက်လေးရလာမှ 'အ' ရတဲ့ အနေအထားဆိုတော့ စဉ်းစားကြည့်ပေါ့၊ အကြောင်းကံက ပါမလာဘူးလား'

'ပါလာပါတယ်ဘုရား'

'အဲဒီ စကားမပြောတတ်တဲ့အတွက်ကြောင့် သူသိတဲ့တရားကို အကုန်မပြောတတ်ပေမယ့် လက်ဟန်ခြေဟန်နဲ့ သူပြောတာ၊ သူရဲ့မြင်တဲ့ အမြင်လေးတွေ၊ သူသိတဲ့အသိလေးတွေ၊ အဲလိုဖြစ်သွားရင် သူ ဘာဆက်လုပ်မယ်လို့ မေးတတ်ပုံလေးတွေက သူမြင်တဲ့အမြင်လေးရထားလို့ဆိုရင် မမှန်ဘူးလား'

'မှန်ပါတယ်ဘုရား'

'ဒါဖြင့်တရားဟာ 'အ' တာပဲဖြစ်ဖြစ် 'မအ' တာပဲဖြစ်ဖြစ် စိတ်ဝင်စားစွာနဲ့ အလုပ်တစ်ခုကို စိုက်စိုက်စူးစူးလုပ်ရင် မြင်စရာရှိတာကို မြင်လာလိမ့်မယ်၊ သိစရာရှိတာကို သိလာလိမ့်မယ်၊ ပါရမီမရှိသော်လည်း အားထုတ်နေရင် ရှိလာလိမ့်မယ်'

'မှန်လှပါဘုရား'

'သဘောကောပေါက်ရဲ့လား'

'ပေါက်ပါတယ်ဘုရား'

'အဲလိုမျိုးကျတော့ ဩော်. . . တရားလေးတစ်ပုဒ်ကို နာပြီးတော့ မထင်မှတ်ဘဲနဲ့ အားထုတ်သွားတဲ့စွမ်းအားဟာ ဝါဦးကာလကနေ ယနေ့ ဝါကျွတ်သည့်တိုင်အောင် အမြဲမပြတ် အားထုတ်လာတဲ့ စွမ်းအားက (၁)နာရီ၊ (၂)နာရီ၊ (၃)နာရီ၊ (၄)နာရီ၊ (၅)နာရီအထိ ထိုင်ပြီး ကြိုးစားလို့ အားထုတ်နေတဲ့အသွင်လေးဟာ အားရစရာကောင်းလောက်အောင်ကို

http://www.dhammadownload.com



တိုးတက်မှုလေးရဲ့အရှိန်ကို ပြန်အာရုံပြုနော်'

'မှန်လှပါဘုရား'

'ဪ. . . အားမထုတ်ရင် ဒီအသိလည်းမရ၊ ဒီလိုအနေအထား လည်း မရ၊ ဒီလိုစိတ်ဝင်စားမှုကော ရမလား'

'မရပါဘူးဘုရား'

'အေး. . . သူစုဆောင်းထားတာလေးတွေနဲ့ လာလှူတာလေး ကိုက ဝမ်းမြောက်စရာကောင်းလောက်အောင်ကို ကြည်လင်တဲ့အသွင် လေးက သူ့ရဲ့တရားလေး ဘယ်လောက်ထိ သိလာတယ်ဆိုတာကို ထောက်ပြတဲ့ အနေအထားလေးကို မြင်စေချင်ပါတယ်'

'မှန်လှပါဘုရား'

'ယနေ့သူတော်စင်တွေလည်း ရက်(၁၀၀) အားထုတ်ဘူးလား'

'အားထုတ်ပါတယ်ဘုရား'

'အေး. . . အားထုတ်ထားတာက ကိုယ့်ရဲ့အရှိန်လေးကိုသာ မြင်အောင် ကြိုးစားစမ်းပါ။ ငါသည် လမ်းမဆုံးသေးဘူး၊ ငါလိုသလောက် မရသေးဘူးလို့ စိတ်အားမငယ်နဲ့နော်'

'မှန်လှပါဘုရား'

'အားထုတ်ရင် ထုတ်သလောက်ကတော့ ခရီးရောက်မယ်၊ အကျိုး တွေ ကြီးမယ်၊ ပါရမီမရှိရင်လည်း သေချာပေါက်ရှိလာလိမ့်မယ်လို့ မှတ်ထားနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အခု တို့တွေအားလုံးက ဟောဒီသာသနာတော်နဲ့ဆုံပြီး လူလာဖြစ်ကတည်းကိုက ဒွိဟိတ်ပုဂ္ဂိုလ်တွေဖြစ်တယ်လို့ မှတ်ထားပါ'

'မှန်လှပါဘုရား'

'တိဟိတ်ပုဂ္ဂိုလ် ဖြစ်မဖြစ်ကတော့ ခန္ဓာဉာဏ်ရောက် ကျင့်ရတဲ့ အလုပ်က သက်သေခံလား မခံလား'

'သက်သေခံပါတယ်ဘုရား'

'ဒါကြောင့် အားမငယ်နဲ့၊ လုပ်ရမယ့်အလုပ်ကိုသာ လုပ်ပါ၊ ကိုယ်လုပ်သလိုပဲ မလုပ်တဲ့ပုဂ္ဂိုလ်တွေကိုလည်းပဲ ကိုယ်နဲ့လက်တွဲလို့ရမယ်၊ ဆွဲခေါ်လို့ ရမယ်ဆိုရင်တော့ ရအောင်တိုက်တွန်းပြီး ပံ့ပိုးနိုင်လေ ကျေးဇူးမများဘူးလား'

'များပါတယ်ဘုရား'

'တကယ်လို့သာ အားတော့ထုတ်ပါတယ်၊ ပီပီပြင်ပြင် အားမထုတ်ဘူးဆိုရင်လည်းပဲ ဒီပုဂ္ဂိုလ်ပါရမီ မပြည့်ပါဘူး၊ ပြည့်ပါ့မလား'

'မပြည့်ပါဘူးဘုရား'

'ဒါကြောင့်မို့လို့ အားထုတ်တဲ့နေရာမှာ ကိုယ်ကိုယ်တိုင်လည်း အားထုတ်သလို သူတစ်ပါးကိုလည်း အားထုတ်နိုင်အောင် ပံ့ပိုးပြီးတော့ ကိုယ်သိတဲ့လမ်းလေးတွေကိုပြလို့ သူကလည်းလျှောက်တတ်မယ်ဆိုရင် တစ်နေ့တခြား အကျိုးမကြီးဘူးလား ကြီးလား'

'ကြီးပါတယ်ဘုရား'

'ဒါဆိုရင်'

"မရင့်သူသည်၊ အားထုတ်ပြီ၊ ရင့်ပြီပါရမီ"

http://www.dhammadownload.com



'ကဲ. . . မရင့်တဲ့ပုဂ္ဂိုလ် အားထုတ်လည်းပဲ တစ်နေ့တခြား ကြိုးစားလာရင် ပါရမီရင့်လာလိမ့်မယ်၊ အခု မိမိတို့တစ်တွေက ပါရမီမပါဘူးလားမေးရင်'

'ပါပါတယ်ဘုရား'

'အဲတော့ ကိုယ်ကအားထုတ်လာတဲ့ အပိုင်းအခြားလေးတွေမှာ နဂိုတုန်းက သဘောမပေါက်ဘဲ အားထုတ်လာခဲ့တော့ ပီပီပြင်ပြင် မရှိခဲ့ဘူးလေ'

'မှန်လှပါဘုရား'

'အခု သဘောပေါက်ပြီးတော့မှ ကြိုးစားလာတဲ့ အချိန်အခါလေးက အခုမှစတယ်ဆိုရင်တော့ နုတော့နုသေးတာပေါ့'

'မှန်လှပါဘုရား'

'အဲဒီနုပေမယ့် ကိုယ်က အားမငယ်ရဘူး၊ ငါသည် ကုန်ခဲ့တဲ့အချိန်တွေကို ဝမ်းမနည်းနဲ့၊ သိတဲ့အချိန်လေးက အဖိုးမဖြတ်နိုင်အောင် တန်ဖိုးရှိသွားပြီ'

'မှန်လှပါဘုရား'

'အဲဒီအသိကို ပိုပိုပြီးရင့်ကျက်အောင် ကြိုးစားမယ်ဆိုရင် ပါရမီက တစ်နေ့တခြား မရင့်ဘူးလား ရင့်လား'

'ရင့်ပါတယ်ဘုရား'

'ဒါဖြင့် မရင့်တဲ့ပုဂ္ဂိုလ် ကျင့်ရင် ရင့်ကိုရင့်မယ်၊ ပါရမီမရှိတဲ့ ပုဂ္ဂိုလ်ကျင့် ပါရမီရှိလာလိမ့်မယ်၊ ခုနကလေးတွေက သက်သေပြတာပဲနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'တစ်ဦးက ပါရမီလုံးဝမရှိတဲ့အတွက်ကြောင့် တရားလေးကို နာနိုင်တဲ့စွမ်းအားကို ပံ့ပိုးနိုင်တဲ့ အခွင့်အရေးဟာ ပါရမီရှိဖို့ အခွင့်အရေး ပဲနော်'

'မှန်လှပါဘုရား'

'တစ်ယောက်ကပါရမီရှိလို့ ခန္ဓာထဲမှာ ကြည့်တတ်တယ်၊ အဲဒီ ကြည့်တတ်တဲ့ပုဂ္ဂိုလ်ကျတော့လည်း မြင်ရမယ့်အမြင်လေးတွေသည် သမာဓိ သမာထစွမ်းအားကလည်း ကောင်းတယ်၊ အဲဒီပေါ်မှာ ပြောင်းလဲ ပျက်သွားတဲ့ အရာလေးတွေကို သတိထားနိုင်လောက်အောင်ကို သူ့အမြင်ဉာဏ်လေးက ရှိတယ်ဆိုတော့ နုလာတဲ့ပါရမီလေးဟာ တဖြည်း ဖြည်း မရင့်ဘူးလား ရင့်မလား'

'ရင့်ပါတယ်ဘုရား'

'အားမထုတ်ရင်တော့ မရဘူးပေါ့'

'မှန်လှပါဘုရား'

'ယနေ့ မိမိတို့လည်း တစ်နေ့တခြားပြန်ကြည့်လိုက် အဲဒီလို အနေအထားလေးရောက်လာပြီဆိုရင်တော့ ကိုယ်အားထုတ်မှု အတိုင်း အတာလေးက အနုအရင့်လေး ခွဲလိုက်တယ်ဆိုတာကို ကိုယ်မြင်တဲ့ အမြင်က ပြမှာပဲနော်'

'မှန်လှပါဘုရား'

'တစ်နေ့တခြား အားကောင်းလာပြီဆိုရင် ဒီပုဂ္ဂိုလ် ပါရမီရင့်တာပဲ'

'မှန်လှပါဘုရား'

'တစ်နေ့တခြား အားထုတ်ပင်အားထုတ်ငြားသော်လည်း သဘော

http://www.dhammadownload.com



ပေါက် ဉာဏ်ရောက်မှုက အားနည်းလို့ အခုလောက်မှသိတယ်၊ သိလည်း နောက်မကျသေးဘူး ဆက်လက်ကြိုးစားမယ်ဆိုရင် အခွင့်အရေးရလား မရလား'

'ရပါတယ်ဘုရား'

'နဂိုတုန်းက ငါသိခဲ့တဲ့အသိတွေက ဒီလိုသိခဲ့တာ၊ သိခဲ့တာကတော့ များခဲ့ပြီ၊ ဒါပေမယ့် တကယ်တမ်းကျတော့ ဉာဏ်မပါတဲ့အသိတွေပါလား၊ အခုလို သိလိုက်တဲ့ခဏလေးမှာ မြင်လိုက်တဲ့အမြင်ကျတော့ တယ်ရှင်းတာပဲ၊ ဟောဒီလို ဉာဏ်အမြင်ကမှ အဖိုးတန်လိုက်တာဆိုတာကို အနှစ်ကို ပိုင်ပိုင်နိုင်နိုင် သိလိုက်တဲ့ပုဂ္ဂိုလ်ကျတော့ အဲဒီတစ်ကြိမ်လေးသည်ပင် တန်ဖိုးရှိတယ်နော်'

'မှန်လှပါဘုရား'

'နောက်အားထုတ်တဲ့အခါကျတော့ လွဲစရာအကြောင်းရှိသေးလား'

'မရှိပါဘူးဘုရား'

'ဒါကိုက တဖြည်းဖြည်းပါရမီရင့်လာတာပဲ'

'မှန်လှပါဘုရား'

'အားမထုတ်ရင်တော့ ရမလား'

'မရပါဘူးဘုရား'

'ဒီလိုဆိုရင် ကိုယ်က အခုလို တရားဓမ္မအားထုတ်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ပျက်တွေကို ကောင်းစွာမြင်ရတဲ့ပုဂ္ဂိုလ်တွေ ပါရမီရင့်လာတဲ့ ပုဂ္ဂိုလ်တွေကော မရှိဘူးလားမေးရင်'

'ရှိပါတယ်ဘုရား'

http://www.dhammadownload.com



## "ပါရမီရင့်သူ အားထုတ်မူ၊ လွယ်ကူရနိုင်သည်"

'ကိုယ့်ကိုယ်ကို ပြန်ကြည့်လိုက်၊ သင်ပေးတဲ့တရား ဟောပေးတဲ့ အလုပ်ခွင် ဒါလေးတွေကို နားကတရားနာပြီး ခန္ဓာထဲမှာ အဖြေရှာတော့ အမှားအမှန်တွေ အကြောင်းအကျိုးတွေ အကောင်းအဆိုးတွေကို ဉာဏ်နဲ့ခွဲခြားပိုင်းခြားပြီးတော့ သိလာတဲ့အသိတွေကို တစ်ချို့ကလည်း ရှင်းရှင်းလင်းလင်း ရမထားဘူးလား'

'ရထားပါတယ်ဘုရား'

'အေး. . . ပါရမီရင့်တဲ့ပုဂ္ဂိုလ်တွေက ခဏပြော ခဏသဘော ပေါက်တယ်နော်'

'မှန်လှပါဘုရား'

'အဲဒါကို အားမထုတ်ရင်ကော ရမလား'

'မရပါဘူးဘုရား'

'အားထုတ်ရင်တော့ လွယ်လွယ်ကူကူ ရမယ်တဲ့နော်၊ ဒါကြောင့်မို့ လို့ ပါရမီမရင့်သေးရင်လည်း အားထုတ်ကြည့်ပါ၊ ရင့်လာလိမ့်မယ်၊ ရင့်ကျက်တဲ့ပုဂ္ဂိုလ်ကလည်း အားထုတ်လိုက်စမ်းပါ၊ လွယ်လွယ်ကူကူ ရမယ်၊ ငါတို့ ရက် (၁၀၀) အားထုတ်လာပြီ၊ ခုထက်ထိ မရသေးဘူးလို့ အားမငယ်နဲ့နော်'

'မှန်လှပါဘုရား'

'ဘာဖြစ်လို့လဲမေးတော့ အားထုတ်ရင်းနဲ့ကို ရတော့မှာ မလုပ်ရင် တော့ ရမလား'

'မရပါဘူးဘုရား'

http://www.dhammadownload.com



'ဘာကြောင့် တို့မရသလဲမေးတော့ အခု ရက်(၁၀၀) မှာ အရှိန်စွမ်းအားလေးမြှင့်ပြီး အားထုတ်တယ်၊ အိမ်ပြန်ရောက်သွားတော့ ဟောဒီအားထုတ်ခဲ့တဲ့ စွမ်းအားအရှိန် တစ်နေ့ကို ကိုယ့်အတွက် (၂)နာရီလေးတောင် ပေးဖို့လွယ်သလား'

'မလွယ်ပါဘူးဘုရား'

'တစ်ချို့ တစ်နာရီတောင် မပေးနိုင်ရှာဘူး၊ အဲလောက်ထဲကပြန်ပြီး စွမ်းအားတွေ ပြန်ပြီးကျသွားတဲ့အတွက် နောက်တစ်ခါ ပြန်ပြီးတော့ အရှိန်ယူနေရတယ်၊ အဲတော့ အရှိန်ယူတဲ့အတွက် အားသာထုတ်နေ၊ အိမ်မှာလည်း အားသာထုတ်နေ၊ အားထုတ်လာတဲ့အပိုင်းဟာ ကိုယ့်အတွက် တစ်နေ့တခြား အသိလေးတွေ အားကောင်းလာရင် ရင့်လာမှာပဲ၊ ရင့်လာတဲ့အသိကို ဆက်အားမထုတ်ရင် လျော့သွားမယ်နော်'

'မှန်လှပါဘုရား'

'ကဲ. . . တကယ်လို့သာ အားထုတ်မယ်ဆိုရင် ပိုပိုပြီး မရင့်ဘူးလား၊ ရင့်မလား'

'ရင့်ပါတယ်ဘုရား'

'ကဲ. . . ရင့်ဖို့နဲ့ လျော့ဖို့ ဘယ်ဟာများလဲ'

'ရင့်ဖို့များပါတယ်ဘုရား'

'အခုတော့ ရင့်လာပြီလေ၊ အိမ်ပြန်သွားတဲ့အချိန်ကျရင် စဉ်းစားပါ၊ ငါတို့အတွက်ကို တရားမမွေတွေ အားထုတ်လာတဲ့ အပိုင်းအခြားလေးတွေမှာ ဟောဒီလို ကြိုးစားမှုလေးသည် ဩော်. . . ငါတို့အတွက် ကျေးဇူးများတယ်၊ အကျိုးကြီးတယ်၊ အဖိုးတန်တယ်၊ အားမထုတ်တဲ့ပုဂ္ဂိုလ်တွေကတော့ သုံးစားစရာမရအောင်ကို အခွင့်အရေးတွေ ဆုံးရှုံးသွားပြီ၊

http://www.dhammadownload.com



သက်တမ်းတွေကြီးလည်း သက်ဆိုးရှည်တွေ ဖြစ်ကုန်မှာနော်'

'မှန်လှပါဘုရား'

'ယနေ့သူတော်စင်များရဲ့ ရက်(၁၀၀) ကာလသည် သက်ကောင်းရှည် ဟုတ်လားဟေ့'

'မှန်လှပါဘုရား'

'အိမ်မှာသာ သားရေး သမီးရေး စီးပွားရေးနဲ့နေလို့ကတော့ သက်ကောင်းရှည် မရပါဘူး'

'မှန်လှပါဘုရား'

'အခုတော့ သက်ကောင်းရှည်နဲ့ သက်ဆိုးရှည် ဘယ်ဟာသေချင်တုန်း'

'သက်ကောင်းရှည် သေချင်ပါတယ်ဘုရား'

'ဒါဖြင့် ခုသေမလား၊ အိမ်ပြန်ရောက်မှ သေမလား ဘယ်အချိန်သေချင်တုန်း၊ တရားမမွလေးတွေကို နှလုံးသွင်းပြီးတော့ အဲဒီလိုမျိုး ကိုယ့်ရဲ့သန္တာန်မှာ အားကိုးလောက်တဲ့တရားလေးတွေဟာ အားထုတ်ရင် ရတယ်၊ ကိန်းတယ်၊ အခုချိန်ခါမှာ သေရဲလောက်အောင်ကို ငါတို့ရဲ့ သန္တာန်မှာ ရှိနေပါလားဆိုတဲ့ အသိလေးကြောင့် သေရဲတယ်ဆိုတဲ့ စကား ပြောတာနော်'

'မှန်လှပါဘုရား'

'ဒါက တခြားလား၊ အားထုတ်လို့လား'

'အားထုတ်လို့ပါဘုရား'

'ကဲ. . . ဟောဒီပစ္စုပ္ပန်မှာ ရောက်လာကြတဲ့ပုဂ္ဂိုလ်တွေ တရားတွေ

http://www.dhammadownload.com



မနာရ၊ တရားတွေကို အားထုတ်ခွင့် မကြုံ၊ ခန္ဓာဉာဏ်စိုက်တဲ့ အသိတွေကိုလည်း မရခင်မှာ ကိုယ့်ကိုယ်ကို ဘာသတ်မှတ်မလဲ၊ ဒွိဟိတ်ပုဂ္ဂိုလ် ဘာတဲ့တုန်း'

'ဒွိဟိတ်ပုဂ္ဂိုလ်ပါဘုရား'

'ဒွိဟိတ်ပုဂ္ဂိုလ်ဆိုတာ လောကထဲရောက်တာကို ပြောတာနော်'

'မှန်လှပါဘုရား'

'သာသနာတော်နဲ့ ဆုံတယ်၊ အခုလို တရားတွေကို နာတယ်၊ လှူခြင်း၊ တန်းခြင်း ကောင်းမှုကုသိုလ်တွေကို ထက်ထက်သန်သန်ပြုတယ်၊ သီလကုသိုလ်တွေ စောင့်ရမှာကိုလည်း ထက်သန်တယ်၊ အဲဒါကိုက ကိုယ့်သန္တာန်မှာ ဒွိဟိတ်ဆိုတာကို ပြတာပဲ'

'မှန်လှပါဘုရား'

'တစ်ချို့က လှူမှု၊ တန်းမှုတော့ရှိတယ်၊ သီလကုသိုလ် စောင့်ထိန်းမှု မေတ္တာထားမှုမရှိရင် အဲဒီပုဂ္ဂိုလ်အတွက်ကလည်းပဲ အားနည်းမနေဘူးလား'

'အားနည်းပါတယ်ဘုရား'

'ဉာဏ်ဆိုတာ ဝေးရောပဲနော်'

'မှန်လှပါဘုရား'

'အခုတော့ တို့တွေက သီလတရားတွေလည်း ဆောက်တည်ထားတယ်၊ ဪ. . . ငါတို့အတွက် ဒါနကုသိုလ်တွေလည်း အားကောင်းစွာ ပြုတယ်၊ ရလာတဲ့ဘဝကလည်းပဲ ထောက်ခံထားတာက ဒွိဟိတ်ပုဂ္ဂိုလ် သေချာတယ် စစ်စစ်တွေပါကွာ၊ မင်းတို့တွေ အရောမရှိပါဘူး၊ တိဟိတ်

http://www.dhammadownload.com



ပုဂ္ဂိုလ်တွေဖြစ်ဖို့အတွက်ကိုလည်းပဲ အထောက်ပံ့ကောင်းပေးဖို့ အား မထုတ်ရင် မရဘူးဆိုတာ မမေ့နဲ့နော်'

'မှန်လှပါဘုရား'

'ဒါကြောင့်မို့လို့ -

**"ဒွိဟိတ်ထုတ်က၊ နောက်ဘဝ၊ ဖြစ်ရ တိဟိတ်မည်"**

'အားသာထုတ် အားမငယ်နဲ့ ဟောဒီတရားတွေကိုသာ အားထုတ် ရင် ယနေ့ ဒွိဟိတ်ဖြစ်ပါစေ၊ နောက်ဘဝ ဘာဖြစ်မလဲ'

'တိဟိတ်ဖြစ်ပါမယ်ဘုရား'

'တိဟိတ်ဖြစ်ရင် သေချာပေါက်ကျွတ်တော့မှာလေ'

'မှန်လှပါဘုရား'

'လောကသံသရာက လွတ်မြောက်ဖို့က တိဟိတ်မဖြစ်ရင် မလွတ်ဘူး'

'မှန်လှပါဘုရား'

'မိမိတို့တွေက ဒွိဟိတ်ပုဂ္ဂိုလ်တွေများနေရင် အဲဒီပုဂ္ဂိုလ်တွေကို လည်း အားမငယ်ဖို့ အားပေးတဲ့တရားပဲနော်'

'မှန်လှပါဘုရား'

'ငါအားထုတ်တာကွာ သူများလိုမမြင်ဘူးလို့လည်း စိတ်ထဲမှာသိပ်ပြီး တော့ ဆုတ်နစ်တဲ့စိတ် မမွေးနဲ့၊ အားငယ်တဲ့သဘောတွေလည်း မသက် ရောက်စေနဲ့၊ အားထုတ်နိုင်ရင် ငါ့အတွက် အကျိုးများတာက ဒီဘဝမှာ ငါဒွိဟိတ်ဖြစ်လို့ မရရင်နေပါစေ ဒုတိယဘဝမှာ ကျွတ်တမ်းဝင်ပြီးတော့ တိဟိတ်အဖြစ်နဲ့ သွားရပြီး လွတ်နိုင်သေးတယ်ဆိုတာ မမေ့ပါနဲ့'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အခုလိုမျိုးစေ့ကို ရသွားတယ်ဆိုရင် နောင်ပွင့်မယ့် အရိမေတ္တေယျ မြတ်စွာဘုရားနဲ့လည်း ကြုံနိုင်တယ်နော်'

'မှန်လှပါဘုရား'

'ဒါဖြင့် သူနဲ့လည်းဆုံကွေ့ချင်တယ် တရားတွေလည်း အားထုတ်ချင်တယ်၊ တရားအသိလည်း ကိန်းချင်တယ်ဆိုရင် ယနေ့ ဒွိဟိတ်ဖြစ်ရင်တော့ မိမိအတွက် လွတ်ဖို့မလွယ်သေးဘူး၊ ကျင့်မယ် အားထုတ်မယ်ဆိုရင် တိဟိတ်အဖြစ်နဲ့ နောက်ဘဝမှာရရင် မလွတ်နိုင်ဘူးလား'

'လွတ်နိုင်ပါတယ်ဘုရား'

'ဒါဖြင့် ဒွိဟိတ်က တိဟိတ်ဖြစ်ချင်ရင်လည်း ဘာလုပ်ရမလဲ'

'တရားအားထုတ်ရပါမယ်ဘုရား'

'ပါရမီမရှိတဲ့ပုဂ္ဂိုလ် ပါရမီရှိချင်ရင်လည်း ဘာလုပ်ရမလဲ'

'တရားအားထုတ်ရပါမယ်ဘုရား'

'မရင့်တဲ့ပုဂ္ဂိုလ် ရင့်ချင်ရင်လည်း ဘာလုပ်ရမလဲ'

'တရားအားထုတ်ရပါမယ်ဘုရား'

'ရင့်ပြီးတဲ့ပုဂ္ဂိုလ်ကကြိုးစားလိုက်မယ်ဆိုရင် အလွယ်တကူရမယ်နော်'

'မှန်လှပါဘုရား'

'ဩော်. . ဒါကြောင့်မို့လို့ အားထုတ်တဲ့အကျိုးတွေဟာ အားမထုတ်တဲ့ပုဂ္ဂိုလ်နဲ့ တယ်ထူးခြားပါလားလို့ မမေ့ပါနဲ့'

'မှန်လှပါဘုရား'

'ဒီပုဂ္ဂိုလ်သည် အပါယ်လေးပါးကော မလွတ်ဘူးလား'

'လွတ်ပါတယ်ဘုရား'

http://www.dhammadownload.com



'သံသရာကလွတ်ဖို့ကော မသေချာဘူးလား'

'သေချာပါတယ်ဘုရား'

'အဲဒီလိုပုဂ္ဂိုလ်တွေကို လာရောက်လှူဒါန်းကြတဲ့အလှူရှင်တွေ အားရစရာကောင်းတယ်လို့ မှတ်ထားပါ၊ ဩော်. . . တို့တွေအားလုံးသည် တရားမှေ့ အားထုတ်တဲ့ပုဂ္ဂိုလ်တွေ အကျိုးတရားတွေကို များစွာပိုင်ဆိုင်ထားတဲ့ပုဂ္ဂိုလ်တွေ တစ်ဦးတစ်ယောက်ထဲကိုရပြီး လှူရတာမဟုတ်ဘူး၊ များမြောင်လှတဲ့ အလှူခံပုဂ္ဂိုလ်တွေကို နေ့စဉ်လှူရတာမို့လို့ ထိပ်တန်းကျအောင်ကို ကျေးဇူးများတယ်လို့ အလှူရှင်တိုင်းက ဝမ်းမြောက်ဝမ်းသာဖြစ်နေဘ်'

'မှန်လှပါဘုရား'

'အလှူခံပုဂ္ဂိုလ်၊ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေကလည်း ငါပြန်ရတော့မယ်၊ ငါသည် ဘာတရားမှ မသိသေးဘူးဆိုပြီး ဝမ်းမနည်းပါနဲ့'

'မှန်လှပါဘုရား'

'တို့ဘာလုပ်နေတာလဲ ပါရမီဖြည့်နေတာ၊ မရင့်သေးတဲ့ပုဂ္ဂိုလ်တွေ ရင့်အောင်ဖြည့်နေတာ၊ ပါရမီမပြည့်တဲ့ပုဂ္ဂိုလ် ပြည့်အောင်ဖြည့်နေတာ၊ ငါတို့ ဒွိဟိတ်လောက်နဲ့ပဲ ဖြစ်နေသေးလို့ နာကြရတာ ဉာဏ်မရှင်းသေးဘူး၊ အားထုတ်ရတာ အမြင်မရှိသေးဘူး၊ အဲဒီပုဂ္ဂိုလ် ဒုတိယဘဝ သေချာပေါက်က တိဟိတ်ဖြစ်မယ်ဟော့. . . ဘာဖြစ်မယ်'

'တိဟိတ်ဖြစ်မှာပါဘုရား'

"အားမထုတ်လျှင်၊ စဉ်ဆက်ပင်၊ ဖြစ်စဉ် ဒွိဟိတ်မည်"

'ယနေ့ကိုယ်က အခုလို သာသနာတော်နဲ့ ဆုံခိုက်မှာ ရက်(၁၀၀)

http://www.dhammadownload.com



တရားစခန်းမှာ ဝင်ရောက်ပြီးတော့ ပုံပိုးကူညီဖြည့်ဆည်းကြတဲ့ ဒါနမျိုးစေ့တွေ တစ်နေရာတည်းမဟုတ် နေရာအနှံ့မှာ ကျဲချစိုက်ပျိုးမယ်၊ သီလကုသိုလ်တွေ ဆောက်တည်ပြီးတော့လည်းပဲ ကိုယ့်သန္တာန်မှာ အားရစရာဖြည့်တင်းပြီးနေမယ်၊ သို့သော် တရားအားမထုတ်ရင် အဲဒီပုဂ္ဂိုလ် စဉ်ဆက်မပြတ် လောကသံသရာကြီး ရှည်သလောက်ကို ဒွိဟိတ်ဘဝနဲ့နေရမှာပါ၊ ဘယ်တော့မှ မကျွတ်ဘူးလို့ ပြောလိုက်တာနော်'

'မှန်လှပါဘုရား'

'သူဖြည့်တာကိုကအားမှမထုတ်ဘဲ၊ ဒါနတွေသူမပြုဘူးလားမေးရင်'

'ပြုပါတယ်ဘုရား'

'သီလတွေမစောင့်ဘူးလားမေးရင်'

'စောင့်ပါတယ်ဘုရား'

'မေတ္တာတွေပွားသူက မေတ္တာပို့မယ်၊ ဒါတင်မကသေးဘူး ဂုဏ်တော်တွေကို ရွတ်ဖဲ့သရဇ္ဈာယ်မယ် စတဲ့သမထအလုပ်တွေ သူမလုပ်ဘူးလား မေးရင်'

'လုပ်ပါတယ်ဘုရား'

'စရဏမျိုးစေ့တော့ အားကောင်းပါတယ်၊ သံသရာပြတ်တဲ့ ဝိပဿနာအလုပ်ကိုမှ အားမထုတ်ရင် ဒွိဟိတ်ဘဝက မတက်ဘူးလို့ ပြောလိုက်တာပါ'

'မှန်လှပါဘုရား'

'ဒါဆိုရင် နိဗ္ဗာန်ကို ရနိုင်ပါတော့မလား'

'မရနိုင်ပါဘူးဘုရား'

http://www.dhammadownload.com



'ရချင်ရင် ဘာလုပ်ရမလဲ'

'တရားအားထုတ်ရပါမယ်ဘုရား'

'ဒါကြောင့်မို့လို့ ရက်(၁၀၀) စခန်းမှာ ဝင်ရတာ ကျေးဇူးအင်မတန်ကြီးတယ်လို့ မှတ်ထားနော်'

'မှန်လှပါဘုရား'

'ဘယ်နေရာမှာရောက်ရောက် အားထုတ်တိုင်းသည် ကျေးဇူးများပါတယ်၊ အားမထုတ်ရင်တော့ ဘယ်တော့မှလွတ်လမ်းမရှိဘူး၊ ဩော် . . ငါတို့တွေသည် ကိုယ်နဲ့လက်တွဲရတဲ့ပုဂ္ဂိုလ်တွေကို တရားတွေ ဘယ်လောက်ပြောပြော အရှင်ဘုရား ဘယ်လိုမှမရဘူးဘုရား၊ အရှင်ဘုရားတို့ပြောပေးပါဘုရားလို့ လျှောက်ကြတယ်၊ ကိုယ်ကသိအောင်ကြိုးစားပြီးတော့ ကိုယ်နဲ့အတူနေတဲ့ပုဂ္ဂိုလ်ကို ကိုယ်သာလျှင်အကြောင်း အသိဆုံးမို့လို့ သူ့ကိုဘယ်အချိန်မှာ ဘယ်လိုပြောရင် ရတယ်ဆိုတာလေးကို နားလည်ရမယ်နော်'

'မှန်လှပါဘုရား'

'အဲဒီလိုမျိုး ကျေးဇူးရှိတဲ့ပုဂ္ဂိုလ်တိုင်းကို တဖြည်းဖြည်းနဲ့ ဒွိဟိတ်ကနေပြီးတော့ စဉ်ဆက်မပြတ် ဒွိဟိတ်ဘဝနဲ့ပဲ မနေရအောင် သံသရာကလွတ်မြောက်ဖို့ ပံ့ပိုးနိုင်သမျှကို သိထားတဲ့အသိလေးတွေနဲ့ ရအောင်ရအောင် ကြိုးစားဖြည့်ဆည်းရင် ကိုယ်လည်းပဲ သူတို့ပံ့ပိုးမှုကြောင့် အခုလိုအားထုတ်ရတာ ကိုယ့်အတွက်လည်း တန်ဖိုးရှိသလို သူတို့ကိုလည်း ပြန်ပြီးကျေးဇူးပြုရာ မရောက်ဘူးလား'

'ရောက်ပါတယ်ဘုရား'

http://www.dhammadownload.com



'ဒီတရားလေးတွေကို နာရတဲ့အတွက်ကြောင့်မို့လို့ ဆုတ်နစ်စရာ အကြောင်း မရှိဘူး၊ ငါတို့ဘာလုပ်နေတာလဲမေးရင် ဟောဒီလို အားထုတ် နေတာသည် လိုချင်တဲ့ ပန်းတိုင်သံသရာပြတ်ဖို့ ပါရမီကို တိုဖြည့်နေတာ၊ ဒွိဟိတ်ဖြစ်ရင်လည်း တိဟိတ်ဖြစ်ဖို့ ကြိုးစားနေတာ၊ တိဟိတ်ဖြစ်ခဲ့ရင် လည်း လွယ်ကူစွာရနိုင်ဖို့ ကျင့်ကြံနေတာ မှန်ရဲ့လားဟေ့'

'မှန်လှပါဘုရား'

'ဒါကြောင့်မို့လို့လည်းပဲ ကိုယ့်ရဲ့သန္တာန်မှာ တရားအားမထုတ်တဲ့ ပုဂ္ဂိုလ်ဟာ အခုလို ဒွိဟိတ်ဘ၀နဲ့ စဉ်ဆက်မပြတ်ဖြစ်ပြီးတော့ နေနိုင်သလို ကိုယ့်မှာက မိတ်ကောင်းဆွေကောင်းနဲ့မတွေ့ခဲ့ရင် သာသနာတော်ကြီးနဲ့ မဆုံခဲ့ရင် ဒွိဟိတ်ဘ၀တောင် ပြန်ရပ့ါမလား'

'မရပါဘူးဘုရား'

## "ဒွိဟိတ်မှလန်၊ တိဟိတ်ပြန်၊ လျှော့ရန်ရှိတော့သည်"

'တိဟိတ်ဆိုတဲ့ပုဂ္ဂိုလ်ကလည်းပဲ တရားအားမထုတ် မကျင့်ပြန်ရင် မိမိရဲ့ တိဟိတ်ဘ၀ပြန်ရဖို့ မလွယ်ပြန်ဘူး၊ ဟောဒီ ဒွိဟိတ်သမားကလည်း ကြိုးစား ကျင့်ကြံအားထုတ်မှုမရှိရင် ဒွိဟိတ်ကနေ လျှောကျတော့မှာပဲ၊ ဒီလိုဆိုတော့ ဘ၀မရှုံးဘူးလား ရှုံးလား'

'ရှုံးပါတယ်ဘုရား'

'သာသနာတော်နဲ့လာကြုံရတဲ့ဘ၀ အဖိုးတန်နေတဲ့အခွင့်ကောင်း အခါကောင်း ရှိနေပါရဲ့နဲ့ ရှေးကပစ္စေကဗုဒ္ဓါပြသွားတဲ့ တရားလေးက အနည်းငယ်၊ ဒါန၊ သီလသည် မြတ်လှပါတယ်၊ ဒါပေမယ့် သံသရာ မဆုံးသေးဘူး၊ သံသရာဆုံးဖို့အတွက်က ၀ိပဿနာကို ဘုရားတိုင်းချီးမွမ်း တယ်၊ ဒါကြောင့်မို့လို့ နိဗ္ဗာန်သောင်ကမ်းကို ဆိုက်ကပ်သွားတဲ့ ရှေ့ရှေ့

http://www.dhammadownload.com



နောင်တော်ဘုရားတွေသည် ဘာအားကိုးသွား'

'ဝိပဿနာ အားကိုးသွားပါတယ်ဘုရား'

'အခုလည်းပဲ အားလုံးသောသူတော်စင်တွေသည် ဟောဒီ သာသနာနဲ့ဆုံခိုက်မှာ ရောက်လာကြတဲ့ပုဂ္ဂိုလ်တွေဖြစ်လို့ ဝိပဿနာသည် မလုပ်မဖြစ် လုပ်ရမယ်လို့ ဒါ ဟောလိုက်တာပဲ၊ ဘယ်နေရာရောက်ရောက် ကြိုးစားရမယ်နော်'

'မှန်လှပါဘုရား'

'နည်းမှန် လမ်းမှန်တွေကို မသိသွားဘူးလား'

'သိသွားပါတယ်ဘုရား'

'တရားရဲ့သဘောအမှန်ကိုလည်း သုံးသပ်ဆင်ခြင်တတ်တဲ့ အသိ ဉာဏ်လေးတွေ ရသွားပြီနော်'

'မှန်လှပါဘုရား'

'သူများစကား လမ်းမဆုံးစေနဲ့၊ ကိုယ့်မှာဆင်ခြင်တတ်တဲ့ တိုင်းထွာ တတ်တဲ့ အသိဉာဏ်ရှိတဲ့အတွက်ကြောင့်မို့လို့ ခန္ဓာကပြောတဲ့တရားကိုပဲ လက်ခံနော်'

'မှန်လှပါဘုရား'

'သူများပါးစပ်ဖျားက စကားကို ကိုယ်ကချင့်ချိန်ပါ၊ ရမ်းပြီးတော့ မယုံပါနဲ့၊ အဲလိုလေး အလေ့အကျင့်ရအောင် ကြိုးစားထားတဲ့ ဟောဒီ အားထုတ်မှုရဲ့စွမ်းအားက သူတော်စင်များကို ကျေးဇူးပြုမှာပါ'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ဒါကြောင့်မို့လို့ သိမ်ငယ်စရာ လိုလား၊ မျက်ရည်ကျစရာလိုလား'

'မလိုပါဘူးပါဘုရား'

'တရားအားထုတ်တာသည် မျက်ရည်သိမ်းဖို့၊ ဘာသိမ်းဖို့'

'မျက်ရည်သိမ်းဖို့ပါဘုရား'

'မျက်ရည်သိမ်းဖို့ အနှောင်အဖွဲ့တွေကလွတ်ဖို့ ရာဂ၊ ဒေါသ၊ မောဟတွေကကင်းဖို့ ဒါ့ကြောင့်မို့လို့ တို့တွေက အားထုတ်ကြတာနော်'

'မှန်လှပါဘုရား'

'အားထုတ်တဲ့အလုပ်လေးပေါ်မှာ အခုလို အားမထုတ်တဲ့ပုဂ္ဂိုလ်တွေနဲ့ နှိုင်းယှဉ်လိုက်ရင် ဘာနဲ့မှမလဲနိုင်အောင်ကို ကွာခြားလိုက်တာ၊ တန်ဖိုးချင်းကို နှိုင်းယှဉ်လို့မရအောင် ကွာခြားလိုက်တာ၊ အားထုတ်တဲ့ ပုဂ္ဂိုလ်တွေရဲ့ အတိုင်းအဆမရှိအောင် အကျိုးတွေများပုံကတော့ ကိုယ့်ရဲ့ သန္တာန်မှာ ယနေ့ ရက် (၁၀၀)သည် သတိတွေစွမ်းအားကြီးတယ်၊ ဝီရိယတွေ စွမ်းအားကြီးတယ်၊ သမာဓိ ပညာတွေ စွမ်းအားကြီးတယ်၊ ဟုတ်သလားဟေ့'

'ဟုတ်ပါတယ်ဘုရား'

'ဒါဖြင့် ဒီပညာတရားတွေ သမာဓိ၊ ဝီရိယတွေ အားကြီးပြီဆိုရင် အဲဒီပုဂ္ဂိုလ်ရဲ့အရှိန်အဆော်ဟာ နောက်ကိုပြန်ဆုတ်မှာလား ရှေ့ကို တိုးမှာလား'

'ရှေ့ကိုတိုးမှာပါဘုရား'

'အားထုတ်မှုအရှိန်ကို လျှော့မှာလား၊ မြှင့်မှာလား'

'မြှင့်မှာပါဘုရား'

http://www.dhammadownload.com



'ပြောစရာကိုမလိုဘူးနော်'

'မှန်လှပါဘုရား'

'တကယ်ဉာဏ်နဲ့သိရင် တကယ်ကိုမလျော့တော့ပါဘူး၊ ဆုတ်နစ်တဲ့ စိတ်လေးမွေးရင်လည်း ကိုယ်ကပြန်ပြီးတော့ နှလုံးသွင်းမယ် အဲဒီပေါ်မှာ အနိစ္စတင်ပြီး ရှုလိုက်ရင် ကိစ္စမပြတ်နိုင်ဘူးလား'

'ပြတ်နိုင်ပါတယ်ဘုရား'

'ဒါလေးတွေကို ကြိုးစားပြီးတော့မှ ဩော်. . . ငါတို့ဟောဒီ ရက်(၁၀၀) စခန်းသည် ပြီးဆုံးသွားပြီ၊ မနက်ဖြန်ဆို တို့ပြန်ရတော့မယ်၊ အဲဒီအပြန်လမ်းမှာ ကြုံတွေ့ရမယ့်အာရုံတွေမျိုးစုံက အားထုတ်ထား တာတွေကို လက်တွေ့ စမ်းတော့မယ်နော်'

'မှန်လှပါဘုရား'

'အဲလိုစမ်းတဲ့ခဏလေးမှာ တို့တွေအားလုံးက အသိတရားလေး ကိန်းပြီးတော့များ ဖြတ်ကျော်သွားနိုင်အောင် မကြိုးစားရဘူးလား'

'ကြိုးစားရပါမယ်ဘုရား'

'ကြိုးစားကြစမ်းပါလို့ တိုက်တွန်းရင်းပဲ တရားလည်းပဲ အချိန်စေ့ပြီ ဖြစ်လို့ သာဓုသုံးကြိမ်ခေါ်လိုက်ကြရအောင်'

သာဓု. . . သာဓု. . . သာဓု